မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၁၆ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၅၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အစ္စရေးနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အစ္စရေးနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသော မစ္စတာ ရှီမွန်ပဲရေ့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ပြည်သူများပညာရည်မြင့်မားရေး မြန်မာတစ်နိုင်ငံလုံး ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၁၇ တိုက် ဖွင့်လှစ်နိုင် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး လူထုဆက်သွယ်ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ရန်ကုန်တိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေပဒေသာပင်၊ စာအုပ်စာစောင်များ၊ ပရိဘောဂများနှင့် လူထုဆက်သွယ်ရေးပစ္စည်းများ တတိယအကြိမ် လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ဆောင်ခန်းမ၌ ကျင်းပသည်။

ထပ်မံဖွင့်လှစ်ပေး

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူများ၏ ပညာရည်မြင့်မားရေးအတွက် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၁၇ တိုက် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကမ္ဘာတွင် မြန်မာနိုင်ငံသည် ကျေးရွာတိုင်း စာကြည့်တိုက်ရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူကြရမှာဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းအတွင်း စာကြည့်တိုက်များကို စာကြည့်တိုက်အင်္ဂါရပ်နှင့် အညီ စာအုပ်စာစောင်များ၊ လူထုဆက်သွယ်ရေးပစ္စည်းများ၊ ပရိဘောဂများ ပံ့ပိုးခြင်းနှင့် စာကြည့်တိုက်မရှိသေးသော ရပ်ကွက်၊ ကျေးရွာများတွင်လည်း ထပ်မံဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်က ငွေကျပ် ၁၀ သိန်း အပါအဝင် အလှူရှင်များက ငွေပဒေသာပင်ငွေကျပ် ၄၉ သိန်း ခုနစ်သောင်း၊

စာမျက်နှာ ၄ ကော်လံ ၆ ✡

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ရန်ကုန်တိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေပဒေသာပင်၊ စာအုပ်စာစောင်များ၊ ပရိဘောဂများနှင့် လူထုဆက်သွယ်ရေးပစ္စည်းများ တတိယအကြိမ် လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

အခုလို တည်ငြိမ်အေးချမ်းတဲ့ဘဝရောက်နေတာကို ခင်ဗျားတို့၊ ကျွန်တော်တို့ တစ်မျိုးသားလုံးက ဂုဏ်ယူထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ တစ်မျိုးသားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပြည်သစ်တည်၍ ကြီးသစ်ဆောက်ကြရမှာဖြစ်ပါတယ်။ ယခုအခါမှာ ကန်၊ ချောင်း၊ ဆည်မြောင်း၊ လမ်းတံတား၊ စေတီပုထိုး အစရှိသည့် ဆေးရုံ၊ စာသင်ကျောင်းတွေ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ မြို့သစ်ရွာသစ်တွေ၊ သဘာဝဓာတ်ငွေ့တွင်းတွေ အချိန်တိုကာလအတွင်းမှာ တည်ဆောက်တူးဖော် အောင်မြင်နေတာဟာဖြင့် ဘယ်အစိုးရလက်ထက်နဲ့မှ မတူဘူး ဆိုတာက ခင်ဗျားတို့ ငြင်းနိုင်မှာ မဟုတ်ပါဘူး။

ဘတိုး(တောင်ကြားကုလားတက်)၏ ဆောင်းပါး (စာ ၈–၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၁၆ ရက်)

ပိုလီယိုရောဂါကင်းစင်မှု ထိန်းသိမ်းရေး တိုင်းရင်းသားပြည်သူအားလုံး ဝိုင်းဝန်းကူညီ ပံ့ပိုးပေး

အနာဂတ်မျိုးဆက်သစ်များ ကျန်းမာကြံ့ခိုင်စေရေးအတွက် ပိုလီယိုရောဂါကင်းရှင်းစေရန် ပထမနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ပထမအကြိမ် ၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်မှစ၍ ရှစ်ကြိမ်၊ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးများတိုက်ကျွေးခြင်း လေးကြိမ် ကျင်းပဆောင်ရွက်ခဲ့သည်။

ယခုအခါ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဆက်လက်ကြိုးပမ်းလျက်ရှိရာ မေလ ၁၄ ရက်မှ ၁၈ ရက်အထိ ပထမအကြိမ်၊ ဇွန်လ ၉ ရက်မှ ၁၃ ရက်အထိ ဒုတိယအကြိမ် တိုက်ကျွေးခဲ့ပြီး ဇူလိုင်လ ၄ ရက်မှ ၈ ရက်အထိ တတိယအကြိမ်အဖြစ် တိုက်ကျွေးသွားမည် ဖြစ်သည်။

ထို့ပြင် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးနေ့များကို မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)တို့ရှိ မြို့နယ်များနှင့် ချင်းပြည်နယ်တွင် ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်များ စုစုပေါင်း ၈၃ မြို့နယ်၌ ဖော်ဆောင်သွားမည် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပိုလီယိုအကြောသေရောဂါ ပပျောက်ရေးအတွက် အမျိုးသားရေးအမြင်ဖြင့် လုပ်ဆောင်လျက်ရှိရာ မိဘများအနေဖြင့် မိမိတို့၏ ရင်သွေးငယ်ကလေးများအတွက် ပိုလီယိုရောဂါ ကာကွယ်ခွင့်ရရှိချိန်တွင် ငါးနှစ်အောက်ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေး မပျက်မကွက် တိုက်ကျွေးကြရန် လိုအပ်သည်။

သို့ဖြစ်ရာ ပိုလီယိုရောဂါ ကင်းစင်ပြီးသော အခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ရန် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကူညီ ပံ့ပိုးသွားကြရမည် ဖြစ်သည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဦးမောင်ကျင် အားရည်စူး၍ ရန်ကုန်တိုင်း ပန်းဘဲတန်း မြို့နယ် ၂၆လမ်း အမှတ်၆၀ မြေညီထပ်နေ ဒေါ်ရီသား- မောင်ဝဏ္ဏ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်း တော် ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်)ဌာန အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၆-၆-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၂၅ ၅။ ကျန်းမာသုတ
- ၁၂:၃၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **ပြန်ပြောပြဖို့တော်တော်ခက်လိမ့်မယ်** **လွင်မိုး၊ ရာဇာနေဝင်း၊ မင်းဟိဏ်း၊ နန္ဒာလှိုင်**
- ၁၃:၅၀ ၇။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၄:၂၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅:၂၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၃၀ ၈။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
- ၆:၄၀ ၉။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်းမုန့်** (အပိုင်း-၂)
- ၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ မိုးလေဝသသတင်း
- ၁၄။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၃၇)

ပင်လောင်းမြို့နယ် လိန်းလီတံတား တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်စောထွန်းစစ်ဆေး၊ အရှိန်အဟုန်နှင့် ဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဇွန် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၁၃ရက် နံနက်ပိုင်းက နေပြည်တော်မှ ပျဉ်းမနား-ပင်လောင်းလမ်းအတိုင်း ထွက်ခွာပြီး ပင်လောင်းမြို့နယ် ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင်အမှတ် (၄၇/၃)တွင်ရှိသည့် လိန်းလီတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ရုံးသို့ရောက်ရှိရာ ဝန်ကြီးအား စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဦးတင်ဦးက တံတားတိုင်များဆောင်ရွက်နေမှု၊ တံတားတိုင် အုတ်မြစ်ဘိုးပိုင်တူးခြင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက တံတားတိုင်ဆောင်ရွက်ထားရှိမှုကို သတ်မှတ်ထားသည့် တိုင်အမြင့် ရောက်သည်အထိရနိုင်သမျှ ဆောင်ရွက်ရန်၊ တံတားကြိုးထိန်းတိုင်နှင့် ကြိုးထိန်းခုံလုပ်ငန်းတို့မှအပ ကျန်ချဉ်းကပ်တံတား၏ ဘိုးပိုင်လုပ်ငန်းများ၊ တံတားတိုင် လုပ်ငန်းများကို စက်ယန္တရားများထပ်မံဖြည့်ဆည်းပေးထားပြီး ဖြစ်သည့်အတွက် အရှိန်အဟုန်နှင့် ဆက်လက်ဆောင်ရွက်ကြရန်၊ တံတားချဉ်းကပ်လမ်းကို မိုးတွင်းကာလဖြစ်သော်လည်း ဆောင်ရွက်၍ ရနိုင်သမျှ ဆောင်ရွက်ကြရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

လိန်းလီတံတားသည် သံကူကွန်ကရစ်ကြမ်းခင်း၊ သံမဏိသံပေါင်ကြိုးတံတားဖြစ်ပြီး ပင်မတံတားမှာ ပေ ၁၀၀၀၊ ချဉ်းကပ်တံတားမှာ ပျဉ်းမနားဘက်တွင် ပေ၃၈၀နှင့် ပင်လောင်းဘက်တွင် ပေ ၃၈၀ စုစုပေါင်း တံတားအရှည် ပေ၁၇၆၀ရှိပြီး ယာဉ်သွားလမ်း အကျယ် ၂၈ပေ၊ လူသွားလမ်းတစ်ဖက်သုံးပေစီပါရှိကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း၇၅တန် ဖြစ်သည်။

ဆက်လက်ဆောင်ရွက်

ယခုအခါ ပျဉ်းမနားဘက်ချဉ်းကပ်တံတားတွင် တံတားအုတ်မြစ်ဘိုးပိုင်တူးခြင်းသုံးတိုင် ဆောင်ရွက်ပြီးစီး၍ တံတားတိုင် ကိုယ်ထည်နှစ်ခု ဆောင်ရွက်လျက်ရှိသည်။ ပင်လောင်းဘက် ချဉ်းကပ်တံတားတွင် တံတားတိုင် ငါးတိုင်၏ အုတ်မြစ်ဘိုးပိုင်တူးခြင်းလုပ်ငန်းမှာ တစ်တိုင်ဆောင်ရွက်ပြီးစီး၍ ကျန်တိုင်များ၏ ဘိုးပိုင်တူးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓမ္မဇ္ဈဝတီဆရာတော် သစ္စာလေးပါးတရား ဟောကြားမည်

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ် ၅ မေခလမ်း မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူ တောရကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တသောဘနသည် မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ် အဖွဲ့ခွဲ အမှတ် ၁၂၇ မိုးကုတ်ရိပ်သာကြီးတွင် ဇွန် ၁၈ရက်မှ ၂၄ရက် အထိလည်းကောင်း၊ သာစည်မြို့နယ် ရွှေလှံတိုက်ကျောင်း ဓမ္မရိပ်သာကြီးတွင် ဇွန် ၂၆ရက်မှ ဇူလိုင် ၂ရက် အထိလည်းကောင်း၊ တနင်္သာရီတိုင်း ကော့သောင်း အေးမြကန်သာရပ် ၂မိုင် ငါးသုံးလုံးတောင်ရှိ မြတ်ဗုဒ္ဓဒေသနာ ဝိမလကာရီ ဓမ္မရိပ်သာကြီးတွင် ဇူလိုင် ၁၀ရက်မှ ၁၉ရက်အထိလည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သုခစုစံ ပြည်ပအလုပ်အကိုင် ရှာဖွေရေး ကုမ္ပဏီ မိသားစု အမှတ် ၁၀၇ (မြေညီထပ်) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၄၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။ (က-ပ)

ဂရုပ်ဖစ်အနုပညာ သရုပ်ပြပွဲ

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က စီစဉ်သည့် ပန်းချီဆရာဆန်နီညိမ်း၏ ဂရုပ်ဖစ်အနုပညာအကြောင်း သိကောင်းစရာ သရုပ်ပြရှင်းလင်းပွဲကို ဇွန် ၁၇ ရက် (တနင်္ဂနွေနေ့) မွန်းတည့်၁၂ နာရီတွင် ရန်ကုန် ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဝါသနာရှင်များ မည်သူမဆိုတက်ရောက်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ဆက်ကပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အလှူရှင်ဦးသန့်ဇင်-ဒေါ်နုနုရီ၊ သမီး သန့်သစ္စာ မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ကွယ်လွန်သူ မိဘများနှင့် ခင်ပွန်း ဦးသိန်း၊ အစ်မကြီး ဒေါ်အေးမြင့်၊ မောင်များ ဦးစံမြင့်၊ ဦးစံတင့်၊ သမီး ဒေါ်ခင်မာလာသိန်း၊ သား နေမျိုးကျော်ထင်တို့အား ရည်စူး၍ ဒေါ်ကြည်ကြည်မိသားစု အမှတ် ၈/၃ ကြို့ကုန်းရိပ်သာ အနောက် ကြို့ကုန်း အင်းစိန်တို့က အလှူငွေ ကျပ်တစ်သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့နာယက ဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်/ စက်မှုအသင်းချုပ်နှင့် ပြည်ပစီးပွားရေးကိုယ်စားလှယ်အဖွဲ့များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့ ဦးဆောင်သော ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ ပါဝင်သည့်အဖွဲ့အား ဇွန် ၁၁ရက် မွန်းလွဲပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Beijing Beiao International Travel Service Co., Ltd. မှ Chairman, Mr. Ke Peng Su ဦးဆောင်သည့် အဖွဲ့ဝင် ၁၉ဦးပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။ **(ယာပုံ)**

တွေ့ဆုံ

အလားတူ ကိုရီးယားသမ္မတနိုင်ငံ GS Engineering and Construction မှ Business Development Director, Mr. Kim Sung Sik ခေါင်းဆောင်သည့် အဖွဲ့ဝင်ခြောက်ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၂ရက် နံနက်ပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်၍ အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်များအား တွေ့ဆုံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနှင့် မလေးရှား ကုမ္ပဏီများ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံမှ Agricultural & Industrial Development Co., Ltd. နှင့် မလေးရှားနိုင်ငံမှ Tencate-Geosynthetics Asia Sdn. Bhd တို့ ပူးပေါင်းကျင်းပသည့် " Tencate Polyfelt Geosynthetics Application in Civil Engineering 2007 " အလုပ်ရုံ ဆွေးနွေးပွဲကို ဇွန်၁၃ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Tencate Geosynthetic Asia Sdn Bhd မှ General Manager IR. Dr. Loke Kean Hooi က Tencate နှင့် ပတ်သက်၍ အဖွင့်အမှာစကားနှင့် မိတ်ဆက်စကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် Technicals Marketing Manager, Mr. Preedidhep Anujorn က Geosynthesics Applications အားလည်းကောင်း၊ Geosynthetics နည်းပညာအသုံးပြုသည့် Soft Soil Stabilization, Road Paving, Filtration, Piled Embankments, Marine & Industrial Dewatering တို့နှင့်စပ်လျဉ်း၍ IR. Dr. Lode Kean Hooi က အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ယင်းနောက် Regional Technical Support Engineer, Mr. Loh Wooi Chuan က Reinforced Soil Structure နှင့် စပ်လျဉ်း၍လည်းကောင်း၊ Agricultural & Industrial Development Co., Ltd. မှ Sales Engineer, ဦးဝင်းမြင့်သန်းက Case Histories in Myanmar ကို မြန်မာနိုင်ငံ၌ Geosynthetics တွင်ကျယ်စွာ အသုံးပြုခဲ့သည့် စီမံကိန်းနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြသည်။

Tencate Polyfelt Geosynthetics ခေါ် မြေကြီး၏ ခံနိုင်စွမ်းအားကို ပြုပြင်ပြောင်းလဲပေးသည့် နည်းပညာသစ်သည် ကမ္ဘာ့နိုင်ငံများတွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။

ရေရှည်

Geosynthetics နည်းပညာကို အသုံးပြုခြင်းဖြင့် Meterial Saving, Time Saving နှင့် Cost Saving တို့ဖြစ်စေ၍ တည်ဆောက်ရေးလုပ်ငန်းများတွင် သမားရိုးကျနည်းစနစ်ထက် ငွေကြေးကုန်ကျမှု ၃၀ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ကုန်ကျစရိတ်သက်သာသည့်အပြင် တိုတောင်းသော အချိန်ကာလအတွင်း အောင်မြင်စွာဆောင်ရွက်၍ ရေရှည်တည်တံ့ခိုင်မြဲစေကြောင်း သိရှိရသည်။

Tencate Geosynthetics Product များမှာ အမျိုးအစားပေါင်း ၂၀ခန့်ရှိ၍ မြန်မာနိုင်ငံတွင် Polyfelt TS, Rock PEC, PGM-14, PGM-G, Polymat နှင့် Rock GX အမျိုးအစားများကို အသုံးတွင်ကျယ်လျက်ရှိကြောင်း သိရှိရသည်။

ပံ့ပိုးကူညီ

ဝယ်ယူအသုံးပြုလိုပါက မြန်မာနိုင်ငံတစ်ဝန်းလုံးအား တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိလျက်ရှိသည့် A&ID Co., Ltd. အမှတ်၁၅၆ သီရိရိပ်သာ ၂လမ်း အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ် ရန်ကုန် ဖုန်း-၀၁-၂၂၉၈၂၆၊ ၀၁-၂၂၃၂၅၁၊ ၀၁-၂၁၂၀၁၅ တို့သို့ ဆက်သွယ်မှာကြားဝယ်ယူနိုင်ကြောင်းနှင့် ကုမ္ပဏီမှ Technical Design နှင့် နည်းပညာရပ်အား Free of Charges ဖြင့် ဆောင်ရွက်ပံ့ပိုး ကူညီလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုတဘဏ်စာကြည့်တိုက်အဆောက်အအုံသစ်နှင့် သုတ၊ ရသ စာအုပ်များ ကျောက်တံခါးကျေးရွာ၌လှူဒါန်း

ရန်ကုန် ဇွန် ၁၅

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးတင်ရှိန် (အငြိမ်းစား)မိသားစုက လှူဒါန်းသော ငွေကျပ်သိန်း ၅၀ကျော် တန်ဖိုးရှိ သုတဘဏ်စာကြည့်တိုက် အဆောက်အအုံသစ်နှင့် ပရိဘောဂများ၊ ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားစက်၊ သုတ၊ ရသ စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၄ရက် နံနက် ၉နာရီတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် တောင်ခင်ကျေးရွာအုပ်စု တောင်ခင်ကျေးရွာ မင်္ဂလာအေးရိပ်သာစာသင်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က အမှာစကားပြောကြား၍ အလှူရှင် ဗိုလ်မှူးကြီးတင်ရှိန် (အငြိမ်းစား)က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သုတဘဏ် စာကြည့်တိုက် နာယက ဦးသောင်းမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အလှူရှင် ဗိုလ်မှူးကြီး တင်ရှိန်(အငြိမ်းစား)က ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် စာကြည့်တိုက်အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို စာကြည့်တိုက်နာယက ဦးသောင်းမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က သုတစာအုပ်၁၅၀၊ ရသစာအုပ် ၁၅၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုးက ရသစာအုပ် ၅၀နှင့် အလှူရှင် ဦးဇော်မြင့်က ရသစာအုပ် ၁၅၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူရန်အတွက် ဒေသခံပြည်သူများကိုယ်စား တောင်ခင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းက ငွေကျပ်သုံးသိန်း၊ တောင်ခင်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ကြည့်ရှု

ထို့နောက် သုတဘဏ်စာကြည့်တိုက်ကို ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အဆောက်အအုံမှာ အလျား၂၄ပေ၊ အနံ ၂၁ပေရှိပြီး ကုန်ကျငွေတန်ဖိုးမှာ ငွေကျပ်၄၃၆၆၂၃၀ ဖြစ်ပြီး ပရိဘောဂတန်ဖိုးမှာ ငွေကျပ် ၃၆၃၅၀၀ နှင့် သုတ၊ ရသစာအုပ် တန်ဖိုးမှာ ငွေကျပ်ငါးသိန်းဖြစ်သည်။

ဟောပြော

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် မွန်းလွဲ ၁နာရီတွင် ကျောက်တံခါးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ **စာပေထဲက ဗဟုသုတ** ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မမှန်မကန်ပြုလုပ်သော ဌာနဆိုင်ရာဝန်ထမ်းများအား တိုင်ကြားနိုင်သည့်လမ်းကြောင်းများဖွင့်ပေးထား လာဘ်ပေးလာဘ်ယူပြုလုပ်ခဲ့သော သစ်တောရေးရာဝန်ကြီးဌာနမှ တောအုပ်တစ်ဦးနှင့် သစ်အုပ်တစ်ဦးတို့အား အပြစ်ပေးအရေးယူ

နေပြည်တော် ဇွန် ၁၅

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုး ဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အပြင် မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး ဝန်ကြီးဌာနများက ပြည်သူလူထု၏အကျိုးကို ကဏ္ဍအလိုက် ကောင်းမွန်မှန်ကန်သော နည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအပေါ် မမှန်မကန်မပြုနိုင်ရေးအတွက်လည်း ထိခိုက်နစ်နာသူဘက်က နည်းလမ်းတကျ တိုင်ကြားနိုင်သည့်လမ်းကြောင်းများကို ဖွင့်ပေးလျက်ရှိသည်။ တိုင်ကြားမှုတိုင်းအပေါ် စနစ်တကျ စုံစမ်းစစ်ဆေးမှုပြုလုပ်၍ မှန်ကန်ပါက ထိရောက်စွာ အပြစ်ပေးအရေးယူလျက်ရှိသည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများအရ မန္တလေးတိုင်း အမရပူရမြို့နယ်အတွင်း လာဘ်ပေးလာဘ်ယူပြုလုပ်ခဲ့သော သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ တောအုပ်တစ်ဦးနှင့် သစ်အုပ်တစ်ဦးတို့အား ဇွန် ၁ ရက်တွင် ရာထူးချ၍ တရားစွဲဆိုအရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

● ကျောဖုံးမှ

ရွှေတောင်မြို့သို့ မြန်မာ့အလင်း သတင်းအဖွဲ့ရောက်ရှိခိုက် အမည်ကလည်းဆန်း၊ ရက်လုပ်ပုံကလည်းဆန်းသည့် မြန်မာ့ရိုးရာစည်းလုံချည်ကိုသွားရောက် လေ့လာခဲ့ကြပါသည်။ တစိမ့်စိမ့်ရွာနေသော မိုးစက်များအကြားမှာပင် ကျီးသဲကျေးရွာ ဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် ကျီးသဲရှမ်းတန်းလေးလမ်းနေ စည်းလုံချည်ရက်ကန်းပိုင်ရှင် ဦးသိန်းမြင့်တို့သည် အသင့်စောင့်ကြိုနေကြသည်။ ဧည့်ဝတ်ပျူငှာသော မြန်မာ့ဓလေ့စရိုက်ပင်ဖြစ်သည်။ ရက်ကန်းခတ်သံ တလွင်လွင် အကြားမှပင် ပိုင်ရှင်ဖြစ်သူ ဦးသိန်းမြင့်က မမောနိုင်မပန်းနိုင် မိမိတို့၏ ဒေသထွက်ကုန်အကြောင်းကို အောက်ပါအတိုင်း ဂုဏ်ယူဝင့်ကြွားစွာပြောပြခဲ့ပါသည်။

စည်းလုံချည်

"ဦးလေးတို့ ကျီးသဲမှာ စရက်လုပ်စဉ်ကတော့ ပိုးထည်တွေပေါ့ အဲဒီကနေ ချည်ထည်တွေကို ပြောင်းရက်လာကြတယ်။ တစ်ခါချည်ချောလုံချည် ကျားဝတ်၊ မဝတ်နဲ့ချည်ကြမ်း လုံချည်ကျားဝတ်၊ မဝတ်တွေ ပြောင်းရက်လာကြပြန်တယ်။ အဲဒီကနေ ၁၉၆၀ရောက်တော့ရိုးရိုးချည်လုံချည်အစား သားရေပင်နဲ့ စည်းပြီး ပုံစံဖော်ရက်လုပ်ရတဲ့ စည်းလုံချည်ကို တီထွင်ဒါပဲဖြစ်တယ်။ အဓိက ကျီးသဲ စည်းလုံချည်ဆိုတာကတော့ တစ်နည်းအားဖြင့် အဓိကပညာရပ်ကတော့ သားရေပင်နဲ့စည်း၊ အပွင့်ပုံဖော် နောက်မှ ဒီအပွင့်အဆင်တွေကို ဆေးရောင်အမျိုးမျိုးနဲ့ လိုက်ဖက်အောင် ဆေးတို့(ဆေးရောင်သွင်း) ပေးတာပဲဖြစ်တယ်။

မန္တလေး အမရပူရမြို့တွေကလည်း စည်းလုံချည် လိုက်ထွက်ပေမယ့် သူတို့က အဖောက်မှာ ပုံဖော်တဲ့ အဖောက်စည်းဖြစ်ပြီး ဦးလေးတို့ ကျီးသဲစည်းကတော့ မူလချည်အတိုင်မှာထဲက အပွင့်ပုံအဆင်ဖော်ပြီး ရက်လုပ်တဲ့အတိုင် စည်းလုံချည်ပဲဖြစ်ပါတယ်။ ဒါဟာ ဦးလေးတို့ စည်းလုံချည်ရဲ့ ထူးခြားချက်ပါ၊ နောက်ပြီး ဦးလေးတို့ စည်းလုံချည်ကို စက်ရက်ကန်းနဲ့ရက်လုပ်လို့ လုံးဝမရပါဘူး၊ လက်ရက်ကန်းနဲ့ ရက်လုပ်မှ သာရတဲ့ မြန်မာ့ရိုးရာ ချည်ထည် စစ်စစ်ဖြစ်ပါတယ်"ဟု ကိုယ့်ဒေသထွက်ကုန်၏ ထူးခြားချက်ကို အားပါးတရ ပြောပြခဲ့သော ဦးလေးကြီး၏ စကားအဆုံးတွင် မိမိတို့သိလိုသော စည်းလုံချည်ရက်လုပ်ပုံအဆင့်ဆင့်ကို ဆက်လက် မေးမြန်းခဲ့ပါသည်။

မေး– စည်းလုံချည် တစ်ကွင်းရဲ့ အလျား၊ အနံအကျယ် ဘယ်လောက် ရှိပါသလဲရှင်။

ဖြေ – စံချိန်မီ စည်းလုံချည် တစ်ကွင်းဆိုအကျယ်လေးတောင်၊ အနံ ၄၂လက်မ၊ ချည်ပင် တစ်လက်မ အတိုင် ၇၂ပင်၊ အဖောက် ၆၈ပင်ရှိရပါမယ်။ ဒါတွေကတော့ ရက်ကန်း အခေါ်တွေပါ။

မေး – ဒါ့အပြင် အခြားရက်လုပ်တဲ့ အရွယ်အစားကော ရှိပါသေးလားရှင်။

ဖြေ – ၂x၈၀ တိုက်ဖဲပိုးဖောက်တဲ့ ဖဲစည်း လုံချည်များလည်း ရက်ပါတယ်။

မေး – စည်းလုံချည် တစ်ထည်ဖြစ်အောင် ရက်လုပ်ပုံ အဆင့်ဆင့်ကို သိချင်ပါတယ်။

ဖြေ – ရက်လုပ်တာ အဆင့်အားဖြင့် ၁၀ ဆင့် ရှိပါတယ်။ အဲဒါတွေကတော့၊ ချည်ချမယ်၊ အဖြူရက်ကန်း ရှည်မယ်၊ စည်းကားသွင်းမယ်၊ စည်းပွင့်ပုံဖော်မယ်၊ ပန်းဖော်တယ်လို့လဲ ခေါ်တယ်၊ ဆေးဆိုးမယ်၊ ဆေးရောင်သွင်းမယ် (ဆေးတို့တယ်)၊ အခြောက်ခံ နေလှန်းပြီး စည်းကားခွဲမယ်၊ ရက်ကန်းရှည်မယ်၊ လိပ်တုံးသွင်းမယ်၊ စင်တင်ရက် လုပ်မယ် ဒါတွေက ရက်ကန်း အခေါ်တွေဖြစ်တယ်။ သမီးတို့အဆင့်ဆင့် လိုက်ကြည့်မှ ရှင်းမှာပါ။

မေး – ချည်လုံးကနေ စည်းလုံချည် တစ်ထည်ဖြစ်အောင် အချိန်ဘယ်လောက်ကြာပါသလဲရှင်။

ဖြေ – ချည်လုံးကနေ စည်းလုံချည် ဖြစ်တဲ့အထိဆို အနည်းဆုံး တစ်ပတ်လောက် ကြာပါတယ်။

မေး – ဒီစည်းလုံချည်ကို ဖြန့်ဖြူးမှုအပိုင်းအနေနဲ့ ဈေးကွက် ဘယ်လောက်အထိ ထိုးဖောက်နိုင်ပါသလဲရှင်။

ဖြေ – ပြည်တွင်းမှာတော့ ဒေသအတော်များများ သိရှိရောင်းဝယ်နေကြပါတယ်။ အထူးသဖြင့် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးကို အများဆုံးတင်သွင်းရပါတယ်။ အဲဒီကမှ နိုင်ငံခြား ခရီးသွားဧည့်သည်တွေ လေ့လာနှစ်ခြိုက်လို့ အများဆုံး ဝယ်ယူနေတာ တစ်ဆင့်ပြန်ကြားရပါတယ်။

မေး – ပြည်ပကနေ နှစ်သက်လို့ တိုက်ရိုက်မှာယူတာမျိုး ရှိပါသလား။

ဖြေ – ဦးလေးတို့ဆီအထိ တိုက်ရိုက်လာမှာတာတော့ မရှိပါဘူး။ ဒါပေမယ့် ၂x၈၀ ချည်ချောစည်းလုံချည်တွေကို ဂျပန်၊ ပြင်သစ် နိုင်ငံတွေက အထူးကြိုက်ကြလို့ အများဆုံး တင်ပို့ ရောင်းချရတယ်လို့တော့ ဗိုလ်ချုပ်ဈေးကပြောပါတယ်။

မေး – အဲဒီလိုပြည်ပနိုင်ငံတွေ တင်ပို့ဖို့ဆိုပြီး လာမှာတာရှိပါသလား။

ဖြေ – ရှိပါတယ်၊ နယ်စပ်လမ်းကြောင်းတွေလို့ ပြောရမလား၊ တာချီလိတ်၊ မြဝတီ၊ ဘုရားသုံးဆူ၊ ကော့သောင်းတို့ကနေ အိမ်နီးချင်းတစ်ဖက်နိုင်ငံတွေပို့ဖို့ဆိုပြီး ၂x၈၀ ဖဲပိုးလုံချည်တွေ အများဆုံးရောင်းပေးရပါတယ်။

မေး – နောက်ဆုံးမေးဖို့ ကျန်နေတာ ဦးလေးတို့ကုန်ကြမ်းပစ္စည်းတွေ ဘယ်က ရပါသလဲရှင်။

ဖြေ – အဓိကကုန်ပစ္စည်းဖြစ်တဲ့ ၂x၈၀ချည်နဲ့ဓာတ်ဆေး၊ ဆိုးဆေးတွေကို အိန္ဒိယနဲ့တရုတ်နိုင်ငံက ဝယ်ရပါတယ်၊ ကျန်တာတော့ ရက်ကန်းကိရိယာနဲ့ ရက်လုပ်ပုံနည်း အဆင့်ဆင့် အားလုံး မြန်မာ့နည်း၊ မြန်မာ့ဟန် တီထွင်မှုတွေပါပဲ။

ကျီးသဲက စည်းလုံချည်လုပ်ငန်းပိုင်ရှင် ဦးသိန်းမြင့်က တစ်ဖန်ဆက်လက်၍ "ဦးလေးတို့စည်းလုံချည်လုပ်ငန်းဟာ လုပ်ငန်းအဆင့်ဆင့်မှာ အလုပ်သမား တစ်ယောက်က မသေမသပ်လုပ်ခဲ့မယ်ဆိုရင် ကျန်သူတွေ ဘယ်လောက်ပဲ ကောင်းပါစေ၊ သေသပ်လှပတဲ့ လုံချည်တစ်ထည်ဖြစ်လာမှာမဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လုံချည်တစ်ထည်ဖြစ်ဖို့ လုပ်ငန်း တစ်ဆင့်က တစ်ဆင့်ဆက်နွယ်နေလို့ပါ၊ နောက်ပြီး ပြောရရင် အလုပ်သမားအားလုံးစည်းလုံးညီညွတ်မှ ကောင်းမွန်လှပတဲ့ လုံချည်တစ်ထည်ဖြစ်လာမှာမို့ပါ"

ထို့ကြောင့် စည်းလုံချည်ဆိုသည်မှာ သားရေပင်ဖြင့် စည်းနှောင် ရက်လုပ်ရ၍ခေါ်ဆိုခြင်း၊ နောက်တစ်နည်း အလုပ်သမားအားလုံး စည်းလုံးညီညွတ်မှသာ တန်ဖိုးကြီးမြင့်သော ပစ္စည်းကောင်းဖြစ်၍ ခေါ်ဆိုခြင်းဟု အဓိပ္ပာယ်နှစ်မျိုး ယူဆနိုင်ကြောင်း မှတ်ချက်ပြုရင်းဖြင့် ကျီးသဲဒေသမှ စည်းလုံချည်ဖြစ်သည့် ဒေသထွက်ကုန်ထုတ်လုပ်မှုကို လေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရိုးရာ ချည်ထည် စစ်စစ်ဖြစ်ပါတယ်။
ဦးသိန်းမြင့်–ရက်ကန်းလုပ်ငန်းပိုင်ရှင်



ပဲခူးတိုင်း အနောက်ပိုင်း ရွှေတောင်မြို့နယ် ကျီးသဲကျေးရွာမှ ထွက်ရှိသော မြန်မာ့ရိုးရာစည်းလုံချည်များကို ဤသို့တွေ့ရသည်။

လက်ရက်ကန်းဖြင့် လုံချည်ကို ဤသို့ ရက်လုပ်ရသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၆-၆-၂၀၀၇ရက်
(စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၀၅	၆။	လှပဝင့်ကြွားဖောင်တော်ကြီး ဆိပ်ခံတံတား
၈:၁၅	၇။	တေးဂီတအစီအစဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar Made Easy
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၅၅	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၀၀	၅။	တော်ကြပါတော့ဗျာ၊ သွားကြပါတော့ဗျာ
၁၃:၁၀	၆။	ကိုယ်ချင်းစာ ပြေတီဦး၊ခင်ဇာခြည်ကျော် (ဒါရိုက်တာ–ဦးခင်ဇော်)
၁၃:၄၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၃:၅၅	၈။	အဆိုပြိုင်ပွဲ
၁၄:၀၀	၉။	စွန်ချောင်းရေလှောင်တမံ
၁၄:၂၀	၁၀။	အကပြိုင်ပွဲ
၁၄:၃၀	၁၁။	အား–––နာတယ် ခန့်စည်သူ၊မိုးပြည့်ပြည့်မောင်၊ ဇရာ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
၁၄:၃၅	၁၂။	International News.
၁၅:၀၀	၁၃။	အစီအစဉ်ပြီး၏

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(စိတ်ပညာအထူးပြု) [စိတ်ပညာ]
၁၆:၅၅	၅။	အတီးပြိုင်ပွဲ
၁၇:၁၅	၆။	တေးဂီတအစီအစဉ်
၁၇:၃၀	၇။	ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	အလှရှာမယ်လှကမ္ဘာဝယ်
၁၉:၀၀	၁၁။	စေတနံ၊ကမ္ဘံ၊ဘိက္ခဝေ (အပိုင်း–၂)
၁၉:၁၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း–၃၄)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းနှင်းဆီ** (အပိုင်း–၂၅)
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

ဇွန် ၁၅ ရက်က လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ သီဂီကျော် ဦးစီး၍ ကျန်းမာရေးဝန်ကြီးဌာန ဗဟိုရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာကျော်ကံကောင်းနှင့်အဖွဲ့ ကျောင်းဝင်းအတွင်း ကာကွယ်ဆေးများ ပက်ဖျန်းပေးကြစဉ်။
(က–ပ)



✡ ရှေ့ဖုံးမှ

တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများနှင့် စေတနာအလှူရှင်တို့မှ ငွေကျပ် ၃၆၁၀၀၀ တန်ဖိုးရှိ လူထုဆက်သွယ်ရေးပစ္စည်းများ၊ ၂၁လက်မ ရုပ်မြင်သံကြားစက် တစ်လုံး၊ ရေဒီယိုကက်ဆက်နှစ်လုံး၊ ရေဒီယိုလေးလုံးနှင့် စာအုပ်စာစောင် ၁၄၁၆၃ အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူအသီးသီးက လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေပဒေသာပင်၊ လူထုဆက်သွယ်ရေးပစ္စည်းများနှင့် စာအုပ်စာစောင်များကို သုံးကြိမ်လှူဒါန်းပြီးဖြစ်ရာ ငွေပဒေသာပင် ငွေကျပ် ၁၉၆၇၇၄၀၀၊ ရုပ်မြင်သံကြားစက် ၅၁လုံး၊ ကက်ဆက်၂၃လုံး၊ ရေဒီယို၁၆၄လုံး၊ ပရိဘောဂပစ္စည်းအခု ၄၀နှင့် စာအုပ်စာစောင် ၇၄၄၇၀ ဖြစ်ပြီး စုစုပေါင်းလှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ် ၅၅၈၆၇၀၄၅ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းဖွယ်ရာများ ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဒုတိယခေါင်းဆောင် ရှေ့နေချုပ်ရုံးညွှန်ကြားရေးမှူး ဒေါ်ကျင်စန်းက အမျိုးသမီးများ၏ ဥပဒေဆိုင်ရာ ရပိုင်ခွင့်များအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဥပဒေပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့က ကလေးသူငယ်ဥပဒေအကြောင်းကိုလည်းကောင်း ဟောပြောပို့ချသည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် ဝန်ကြီးဌာနမိသားစုများ၏ အဖွဲ့ဝင်အဆိုပြုလျှောက်လွှာများနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူငွေကျပ်ငါးသိန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ဌာနကြီးမှူး ဒေါ်မြသီဂီက ပေးအပ် လှူဒါန်းရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ဌာနကြီးမှူး ဒေါ်မြသီဂီက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

ငွေဆောင်မြို့ဦးစေတီ ဌာပနာသွင်း၊ ရွှေထီးတော်တင်လှူပူဇော်

ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာကျင်းပ

နေပြည်တော် ဇွန် ၁၅

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ငွေဆောင်မြို့ဦးစေတီတော် ဌာပနာသွင်း၊ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို မေ ၃၁ ရက် နံနက် ၇ နာရီက ငွေဆောင်မြို့ဦးစေတီတော် မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပုသိမ်မြို့ ညောင်ပင်သာ ပရိယတ္တိ စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်နှင့် ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များ၊ သာသနာ့အကျိုးတော်ဆောင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ကိုးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ တိုင်းမှူးနှင့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်ကြီးများအား ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲများ ဆက်ကပ်ကြပြီး ဆရာတော်ကြီးများက မေတ္တသုတ်၊ ရတနာသုံးပါးဂုဏ်တော်၊ ပုဗ္ဗဏှသုတ်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ပေးအပ်လှူဒါန်း

ၾင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်ထံသို့ ပုသိမ်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက လှူဒါန်းငွေကျပ်သိန်း ၅၀ကို ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဝင်းကလည်းကောင်း၊ ရွှေမိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးလှမောင်ရွှေက ငွေကျပ်သိန်း ၂၀၊ ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က ငွေကျပ်သိန်း ၂၀၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီဥက္ကဋ္ဌဦးဝင်းအောင်က ငွေကျပ်ငါးသိန်း၊ Bay of Bagal မှ ဦးစစ်တိုင်းအောင်က ငွေကျပ် ငါးသိန်း၊ Sanny Paradise မှ ဦးဝေလွင်က ငွေကျပ်ငါးသိန်းနှင့် အိုရီယမ်ပဲလေ့စ်က ငွေကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် တိုင်းမှူးနှင့် အလှူရှင်များက တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကုန်းသာ ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး အစီအစဉ်ပထမပိုင်းအား ရပ်နားခဲ့သည်။

လှည့်လည်ပူဇော်

ဆက်လက်၍ အစီအစဉ် ဒုတိယပိုင်းကိုကျင်းပရာ တိုင်းသာသနာရေးဦးစီးမှူး ဦးအေဝမ်းက ထီးတော်ပင့်ဂါထာရွတ်ဖတ်ကြားကာ စိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့် ငှက်မြတ်နားတော်နှင့် ဌာပနာတော်တို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ပင့်ဆောင်ပြီး ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် ရင်ပြင်တော်အား လှည့်လည်ပူဇော်ခဲ့သည်။

ဌာပနာထည့်သွင်းပူဇော်

ၾင်းနောက် တိုင်းမှူးက စေတီတော်အတွင်းသို့ ဌာပနာတော်များ ထည့်သွင်းပူဇော်ပေးပြီး မင်္ဂလာအချိန်တွင် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ပင့်ဆောင်တင်လှူပူဇော်ကာ တိုင်းမှူးက အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးရွာသွန်းပေးပြီး ဆရာတော် သံဃာတော်များက ငွေဆောင်မြို့ဦး စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ကြသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ငွေဆောင်မြို့ဦးစေတီတော် ရွှေထီးတော်ဘုံအဆင့်ဆင့်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြော

ရန်ကုန် ဇွန် ၁၅

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက တောင်ငူမြို့ တိုင်းစစ်ဌာနချုပ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ် တက်ရောက်အမှာစကား ပြောကြားသည်။

ဟောပြော

ထို့နောက် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွှန့်က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်မော်မော်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ တောင်ငူခရိုင် ကျန်းမာရေးဦးစီး ဌာနမှူးဒေါက်တာဒေါ်သန်းသန်းဌေးက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီးက ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မော်မော်နှင့် တောင်ငူခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သန်းသန်းဌေးတို့အား ဂုဏ်ပြုလက်ဆောင် ပစ္စည်းများပေးအပ်ပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် မူလတန်းကြို နေ့ကလေးထိန်းကျောင်းသို့ရောက်ရှိကြပြီး ကိုယ်ဝန်ဆောင်မိခင်လောင်းခုနစ်ဦးအား ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ အိုင်အိုဒင်းဆားနှင့်သံဓာတ်အားတိုးဆေးဝါးများ ထောက်ပံ့ပေးအပ်ကြပြီး မူလတန်းကြို နေ့ကလေးထိန်းကျောင်းသား၊ ကျောင်းသူ ၈၅ ဦးတို့အား ကျန်းမာရေး ဆေးစစ်ခြင်း၊ ကိုယ်အလေးချိန် တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ ကလေးထိန်းကျောင်းအတွင်းအပြင်တွင် ပေါင်းမြက်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အာဟာရမုန့်များဝေငှ

ယင်းနောက် တိုင်းနာယကနှင့် အဖွဲ့ဝင်များသည် မူလတန်းကြို နေ့ကလေးထိန်း ကျောင်းသား ကျောင်းသူကလေးများအား အာဟာရ မုန့်ထုပ်များ ဝေငှကာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

MWAF

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2007

မူးယစ်ကင်းစင် အလှဆင်

မေ ၂၄ ရက်က အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော အင်းစိန်မြို့နယ် သံဃာ့ဆေးရုံ ကြီးကြပ်မှုကော်မတီအစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေ အမှာစကားပြောကြားစဉ်။ (က–ပ)

လှူဒါန်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၀ ရပ်ကွက် ထွန်းသီရိ ၁ လမ်း (၄/ခ) အမှတ် ၅၂၄ နေ ဦးလှမြင့်–ဒေါ်စိန်စိန်မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုယ်စား အုပ်ချုပ်ရေးမှူး ဦးစန်းအေး လက်ခံယူစဉ်။ (က–ပ)

16-6 (05) 1 6/15/07, 3:08 PM

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က
အပ်ချုပ်စက်သုံး ခုံစက်နှင့် စာအုပ်စာတမ်းများ ရပ်ရွာပညာပဒေသာဌာနများသို့ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်သည် ဒုတိယအဖွဲ့ခေါင်းဆောင် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်ထူးထူးအောင်၊ ဒေသစည်းရုံးရေးမှူး ပါမောက္ခ ဒေါက်တာမိခင်ဆွေသောင်းနှင့် ပညာရေးလုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ဝင်များလိုက်ပါလျက် ယမန်နေ့နံနက် ၈နာရီက သန်လျင်မြို့နယ် ကရင်ဆိပ် စံပြကျေးရွာသို့ ရောက်ရှိပြီး အဆိုပါကျေးရွာ အောင်မင်္ဂလာ ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တမဏ္ဍလအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒေါက်တာဒေါ်စန္ဒာအောင်နှင့် အဖွဲ့သည် ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ ကရင်ဆိပ် စံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာနတွင် ကျေးရွာအမျိုးသမီးငယ်များအား စက်ချုပ်သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဇူလိုင်၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက အပ်ချုပ်စက်သုံး ခုံစက်နှင့် စာအုပ်စာတမ်းများ လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင်ဒေါက်တာဒေါ်စန္ဒာအောင်နှင့် အဖွဲ့က ကရင်ဆိပ်စံပြကျေးရွာ ရပ်ရွာ ပညာပဒေသာဌာနအတွက် အပ်ချုပ်စက်သုံး ခုံစက်နှင့် စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒေါက်တာ ဒေါ်စန္ဒာအောင်နှင့်အဖွဲ့သည် သန်လျင်မြို့နယ် သူဌေးကွင်း စံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာနသို့ ရောက်ရှိပြီး ကျေးရွာအမျိုးသမီးများ ဖုန်ခါတံများ ပြုလုပ်နေမှု၊ အဝတ်အထည်များ ချုပ်လုပ်နေမှုနှင့် လူငယ်များ စာပေ လေ့လာဖတ်ရှုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်နှင့်အဖွဲ့က သူဌေးကွင်း စံပြကျေးရွာ ရပ်ရွာ ပညာပဒေသာဌာနသို့ စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဇွန် ၁၀ ရက်က မင်္ဂလာ တောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မလွှကုန်း မီးရထားရပ်ကွက်ရှိ ဘုန်းတော်ကြီးသင် ကျောင်းသို့ စာရေးကိရိယာ လှူဒါန်းပွဲကို မွေ့ရက္ခိတကျောင်းတိုက်၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၅၁ဦးအတွက် မြို့နယ် အသင်းက လှူဒါန်းသည့် ဗလာစာအုပ်ဒါဇင်၂၀၊ စာသင်ကျောက်သင်ပုန်းကြီးနှစ်ချပ်၊ ခဲတံ၊ ပေတံ တန်ဖိုးငွေကျပ်၇၀၀၀၀တို့ကို ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပဓာနနာယက ဆရာတော်ဦးဉာဏဇောတ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့က ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း မိခင်/ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့ ကျောင်းသုံးစာရေးကိရိယာနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၁၅

မုံရွာခရိုင် ယင်းမာပင်မြို့၌ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးကျင်းပသော အသင်းဝင်၊ အဖွဲ့ဝင်အဆိုပြုလွှာ၊ အသိအမှတ်ပြုကတ်ပြားနှင့် ရင်ထိုးတံဆိပ်ပေးအပ်ပွဲ၊ ကျောင်းသုံးစာရေးကိရိယာများ၊ သန့်ရှင်းရေးသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို ဇွန် ၇ ရက် နံနက် ၁၀ နာရီက အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကျင်းပရာ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်အေးအေး၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူ၊ တိုင်း၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျောင်းသားကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထောက်ပံ့လှူဒါန်း

ရှေးဦးစွာ စစ်ကိုင်းတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့သည် ယင်းမာပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အသေးစား ချေးငွေလုပ်ငန်းမှ ပလတ်စတစ်ခြင်းတောင်း ရက်လုပ်သည့်လုပ်ငန်းနှင့် အာလူးခြောက်လုပ်ငန်းများကို ကြည့်ရှုအားပေးပြီး တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကိုယ်ဝန်ဆောင်မိခင်များကို အားဆေးနှင့် အာဟာရပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးသည်။ ထို့နောက် မြို့နယ်ကျန်းမာရေး ဦးစီးအရာရှိ ဒေါက်တာ ခင်ခင်ထွန်းက ဆေးစိမ်ခြင်ထောင် သုံးစွဲနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာ ၂၀၀ ကို တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်ထံသို့ ခရိုင်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်က ပေးအပ်ရာ တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အသိအမှတ်ပြု ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ၁၀၀ကိုတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူထံသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စိမ်းနွယ်မိုးက ပေးအပ်ရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အသိအမှတ်ပြု ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များ ပြန်လည်ပေးအပ်ခဲ့သည်။

လက်ခံရယူ

ထို့နောက် တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းရာ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသူလေးများကလည်းကောင်း၊ တိုင်းကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်အေးအေးက သန့်ရှင်းရေးသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းရာ အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာရွှေကလည်းကောင်း လက်ခံရယူပြီး မြို့နယ်ကိုယ်စား မြို့နယ်ပညာရေးမှူး ဦးစိုးတင့်အောင်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ထောက်ပံ့လှူဒါန်းသော ကျောင်းသုံးစာရေးကိရိယာနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ၏ တန်ဖိုးမှာငွေကျပ် ၁၄၈၄၀၀ ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း ရုံတင် အမေနှင့်သမီးများ ရွှေ့ဆောင်ရုံ၌ တစ်ကျော့ပြန်ရုံဝင်လာ

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဇွန် ၁၅

ယခု သောကြာပတ်တွင် **ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ရုံဝင်လာသည်။ လှိုင်ရုပ်ရှင် ထုတ်လုပ်ရေးမှ နွေးနွေးလှိုင် စီစဉ်ထုတ်လုပ်ပြီး အကြည်တော်၏ဝတ္ထုကို ဒါရိုက်တာ မီးပွားရိုက်ကူး တင်ဆက်ထားသော အချစ်ဟာသ ဇာတ်မြူးကားဖြစ်သည်။ မန္တလေးမြို့ ဝင်းလိုက်နှင့် မြို့မရုံများတွင်လည်း ပြသလျက်ရှိသည်။

မေထူးချွန်ဆိုသော မိန်းကလေးတစ်ဦးတည်းက ကျော်ဇောဦးနှင့် မျိုးမြင့်ထွန်းတို့နှစ်ဦးကို လှည့်စားကာ ချစ်သူတို့သဘာဝ ကျီစားသန်ပုံကို ဟာသနှောကာ ရိုက်ကူးထားသည်။ ယင်းဇာတ်ကားတွင် လွင်မိုး၊ ခန့်စည်သူ၊ နန္ဒာလှိုင်၊ သီတာဝင်း၊ ဇော်ဝမ်း၊ ချိုပြုံးတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ရွှေ့ဆောင်ရုံတွင် **အမေနှင့်သမီးများ** ဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ နေပြည်တော်ရုံတွင် အက်ရှင်ဇာတ်ကား လက်ဖြော့်သေနတ်သမား Shooter ဆက်လက် ပြသနေဆဲဖြစ်သည်။

ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း ဇာတ်ကားမှ လွင်မိုးနှင့် နန္ဒာလှိုင်။

အိန္ဒိယဇာတ်ကားများ

ရွှေဂုန်ရုံ မြေညီထပ်တွင် အိန္ဒိယ အချစ်အက်ရှင် ဇာတ်ကား Sudant-hiram ရုံဝင်လာသည်။

ယင်းဇာတ်ကားတွင် အက်ရှင်မင်းသား အာဂျွန်းနှင့် မင်းသမီးချောရမ်းဗာတို့ ပါဝင် သရုပ်ဆောင်ထားသည်။ ရွှေဂုန်ရုံ အပေါ်ထပ်တွင် ရော်ဂျာမိုးပါဝင်ထားသော Octopussy ဂျိမ်းစ်ဘွန်းဇာတ်ကားရုံဝင်လာပြီး မြို့မရုံတွင် မင်းသား အက်ရှေးကူးမားခေါင်းဆောင် ပါဝင်ထားသော Jaanwar အိန္ဒိယဇာတ်ကား ပြသနေသည်။ မြို့လယ် ဆုထူးပန်နှင့် ဘုရင့်ရုံများတွင် အိန္ဒိယ ဇာတ်ကားဟောင်းများ ပြန်လည်ပြသလျက်ရှိသည်။

ဗီဒီယိုဇာတ်ကားများ

နဝဒေးနှင့် မဟာမြိုင်ရုံများတွင် နိုင်းနိုင်း၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင် ပါဝင်ထားသော **ဆုတောင်းမှားသူများ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ မကြာမီ ရုံဝင်လာမည်ဖြစ်သည်။ **နေတစ်စင်း လတစ်စင်း ချစ်ခြင်းအသချေ** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကား ရုံဝင်လာသည်။

ရုံဝင်လာမည်

ချမ်းသာ (ရွှေမန်းသဘင်)၏ ဇာတ်လမ်းကို ဒါရိုက်တာ ညိုမင်းလွင် ရိုက်ကူးပြီး ဒွေး၊ ရဲအောင်၊ မင်းဟိဏ်း၊ သားညီ၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ ထူးမွန်၊ ဟန်နီထွန်း၊ သဇင်တို့ပါဝင်

ကက်ကင်း

ပေပါမွန်းရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သော ဇာတ်ညွှန်းနှင့်စကားလုံး ငြိမ်းမင်း၊ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးသည့် **ကက်ကင်း** ရုပ်ရှင်ဇာတ်ကားကို ရတနာပုံရုံ၌ ပြသလျက် ရှိသည်။

ယင်းဇာတ်ကားတွင် ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေးနှင့် မေသဉ္ဇာဦးနှင့် နန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

(မြန်မာ့အလင်း)

ကက်ကင်းဇာတ်ကားမှ
ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်နှင့် ဒွေး။

ပြည်တွင်းဖြစ်စပါးအခြောက်ခံစက် ထန်းတပင်မြို့နယ်၌ ခင်းကျင်းပြသ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း တက်ရောက်အားပေးကြည့်ရှု

တစ်နေ့လျှင် စပါးတင်း ၆၀၀ အခြောက်ခံနိုင်

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းသည် ဇွန် ၁၃ရက် မွန်းလွဲပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များ၌ ပြည်တွင်းဖြစ် စပါးအခြောက်ခံစက် ခင်းကျင်းပြသပွဲ အခမ်းအနား၊ တစ်မိုးနှစ်သီး စံပြစိုက်ကွက်နှင့် အဆင့်မြင့်နည်းပညာဖြင့် တီထွင်ထုတ်လုပ်ထားသော ဆီသပြေ ခြံစည်းရိုးကြက်ဆူဆီ ကြိတ်ခွဲစက်ပြပွဲတို့ကို တက်ရောက်အားပေးသည်။

ခင်းကျင်းပြသ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အစုကြီးကျေးရွာ၌ ကျင်းပသော သီးနှံစုံနှင့် စပါး အခြောက်ခံစက် ခင်းကျင်းပြသပွဲသို့ ရောက်ရှိရာ Poly Ice Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းဟန်က အဆင့်မြင့် နည်းပညာဖြင့် ပြည်တွင်းဖြစ် တည်ဆောက်ထားသော Poly Ice အမျိုးအစား သီးနှံစုံနှင့် စပါးအခြောက်ခံစက်နှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းစိုက်ပျိုးရေး မန်နေဂျာဦးကြည်ဟန်က ရန်ကုန်တိုင်းအတွင်း မိုးစပါး စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များ၊ တစ်မိုးနှစ်သီးစိုက်ပျိုးရန် လျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက ရန်ကုန်တိုင်းအတွင်း တစ်မိုးနှစ်သီးစပါးဧက သုံးသောင်း စိုက်ပျိုးရန် လျာထားခဲ့ရာ လက်ရှိအချိန်အထိ ဧကတစ်သောင်းနှစ်ထောင် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စိုက်ပျိုးရိတ်သိမ်းချိန်များတွင်လည်း မြန်မြန်ရိတ်၊ မြန်မြန်ခြွေ၊ မြန်မြန် အခြောက်ခံ၍ မြန်မြန် အမိုးအကာအောက် ရောက်ရှိရေး၊ ရိတ်သိမ်းခြွေလှေ့စက်၊ အခြောက်ခံစက်များကို တွင်ကျယ်စွာ အသုံးပြုသွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွင်ကျယ်စွာအသုံးပြု

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့သည် ထန်းတပင်မြို့နယ် အစုကြီးကျေးရွာမှ တောင်သူ ဒေါ်စုစုအေး၏ တစ်မိုးနှစ်သီး စံပြစပါးစိုက်ကွက် နှစ်ဧကကို ကြိုးတန်းချစိုက်ပျိုးနေမှုနှင့် Poly Ice Co.,Ltd. အဆင့်မြင့်နည်းပညာဖြင့် ပြည်တွင်း၌ ထုတ်လုပ်သော Poly Ice အမျိုးအစား သီးနှံစုံနှင့် စပါးအခြောက်ခံစက်ဖြင့် စပါးများ အခြောက်ခံ ဆောင်ရွက်နေမှု တို့ကို လိုက်လံ ကြည့်ရှုကာ **(အပေါ်ပုံ)** ဌာနဆိုင်ရာနှင့် ဒေသခံ တောင်သူလယ်သမား များအား သီးနှံများ လေလွင့်မှုနည်းပါးစေရေး၊စက်ယန္တရားများ၊လယ်ယာသုံး စက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုရေးတို့ကို မှာကြားသည်။

အဆိုပါ အခြောက်ခံစက်သည် မည် သည့်လောင်စာဆီမျှ သုံးစွဲရန်မလိုဘဲ တစ်နေ့လျှင် စပါးတင်း ၆၀၀ ကို အခြောက်ခံနိုင်သည့် စက်တစ်မျိုး ဖြစ်သည်။

ရှင်းလင်းပြသ

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ သည်ရွှေပြည်သာစက်မှုဇုန်(၁) ကနောင် (၇) လမ်းရှိ စွမ်းအား စက်မှုလက်မှု လုပ်ငန်းမှ ထုတ်လုပ်သော အဆင့်မြင့် နည်းပညာဖြင့် တီထွင်ပြုလုပ်ထားသည့် ခြံစည်းရိုးကြက်ဆူနှင့် ဆီသပြေကြိတ်ခွဲ စက်ပြပွဲသို့ ရောက်ရှိကာ ကြိတ်စက် များနှင့် အမှိုက်သယ် လက်တွန်းလှည်း များကို လုပ်ငန်းရှင် ဦးဇော်လွင်ဦးက လိုက်လံရှင်းလင်းပြသသည်။

ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်

ထို့နောက် တိုင်းမှူးက ယခု ကြိတ်ခွဲစက်သည် တစ်နာရီလျှင် ဆီသပြေစေ့အခြောက် သုံးတင်း၊ ခြံစည်းရိုး ကြက်ဆူစေ့ ငါးတင်းကြိတ်ခွဲနိုင်သဖြင့် တစ်ပိုင်တစ်နိုင် ထုတ်လုပ်နိုင်သော စက် ဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် ထုတ်လုပ်အသုံးပြုသွားကြရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးက စက်မှုဇုန် တာဝန်ရှိသူများအား စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ ဇုန်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရတနာတန်းဝင်အပင်၊ အရိပ်ရ လေကာပင်နှင့် စက်မှုကုန်ကြမ်း ခြံစည်းရိုး ကြက်ဆူပင်များ ရာသီချိန်အမီ စိုက်ပျိုးသွားကြရေး တို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးပင်များပေးအပ်

ဇွန် ၇ရက်က ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တောင်ကြီးမြို့နယ် နမ့်ဆီးကျေးရွာအုပ်စု ပင်ငိုကျေးရွာခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ၌ ဒေသခံပြည်သူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ (အေစီဒီ) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှ ပြန်ရောက်

နေပြည်တော် ဇွန် ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပခဲ့သည့် အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ(အေစီဒီ)၏ (၆)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ပြီးနောက် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

အေစီဒီအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံ၃၀ မှ နိုင်ငံခြားရေး ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ တက်ရောက်ကြသည်။ အေစီဒီ၏ အဓိက ရည်ရွယ်ချက်မှာ အေစီဒီကို တရားဝင် သဘောတူညီချက်များဖြင့် လက်မှတ်ရေးထိုး ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ အဖွဲ့ဝင်နိုင်ငံအားလုံး၏ ဘုံအကျိုးကျေးဇူးအတွက် လွတ်လွတ် လပ်လပ် အမြင်ချင်းဖလှယ်နိုင်ကြရန်နှင့်ပူးပေါင်းဆောင်ရွက်သည့်အခါသက်သောင့်သက်သာ အနေအထားဖြင့် ပါဝင်နိုင်ရန် ရည်ရွယ်၍ဖွဲ့စည်းထားခြင်းဖြစ်သည်။

တက်ရောက်

ဒုတိယဝန်ကြီးဦးမောင်မြင့်သည် ဇွန် ၄ရက် ညပိုင်းတွင် ဆိုးလ်မြို့ ချောင်ဝါဒေးအိမ်တော်၌ ကျင်းပသော ကိုရီးယားသမ္မတနိုင်ငံ သမ္မတမှ အေစီဒီ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးများအား ကြိုဆိုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အဖွင့်အမှာစကား

ဆဋ္ဌမအကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲကိုဇွန်၅ရက်တွင် ကျင်းပခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဟန်ဒတ်ဆူးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ အစည်းအဝေးကို ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆုန်မင်စွန်းက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးသို့ တက်ရောက်လာကြသော အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အေစီဒီ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံချက်များ၏ တိုးတက်မှု အခြေအနေကို ဆွေးနွေးကြပြီး အေစီဒီအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်အပေါ် မူဝါဒများချမှတ်ရန် ဆွေးနွေးကြသည်။ အစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်အဖွဲ့များအား မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်ကလည်း သတင်းအချက်အလက် နည်းပညာဆိုင်ရာများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အတည်ပြုထုတ်ပြန်

ယခု အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ကိုရီးယားနိုင်ငံမှ အဆိုပြုတင်သွင်းသည့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဆိုးလ် ကြေညာချက်စာတမ်းကို တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြေညာချက်စာတမ်းတွင်သတင်းအချက်အလက်နည်းပညာဆိုင်ရာနှင့်ပတ်သက်၍ အေစီဒီအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သွားရန်ကိစ္စနှင့် ပတ်သက်ပြီး လမ်းညွှန်ချက်များဖော်ပြထားသည်။ ၂၀၀၈ခုနှစ် အေစီဒီအစည်းအဝေးကို ကာဇက်စတန်နိုင်ငံက လည်းကောင်း၊၂၀၀၉ခုနှစ် အစည်းအဝေးကို သီရိလင်္ကာနိုင်ငံက လည်းကောင်း အိမ်ရှင်နိုင်ငံ အဖြစ် လက်ခံကျင်းပရန် အဆိုပြုလာခြင်းအပေါ် အစည်းအဝေးမှ သဘောတူခဲ့သည်။

ဂုဏ်ပြုညစာတည်ခင်း

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အေစီဒီအစည်းအဝေး တက်ရောက်ပြီးနောက် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ခရီးစဉ်အတွင်း ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ကတ်ဆုဟီတို အာဆာနိုအား ဂျပန် နိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး မြန်မာ–ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေးကိစ္စနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စများကို ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဂျပန်နိုင်ငံဒုတိယနိုင်ငံခြားရေး ဝန်ကြီးက ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာန အီးကူးရဂေဟာ၌ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပြန်လည်လိုက်ပါ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းဟန်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သီဝတို့ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် အနန္တမေတ္တာဘုရားလမ်းနေ ဇနီး ဒေါ်မြင့်ကြည်(၁၂)နှစ်ပြည့်အား ရည်စူး၍ ဦးစိုးနိုင် (စိုးမြတ်ကြည်ဖယောင်းတိုင်စက်ရုံလုပ်ငန်း)နှင့် သားသမီး၊ မြေး၊ မြစ်တစ်စုတို့က ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဒေါ်လာစားများသို့

BBC၊ VOA၊ RFA၊ DVBတို့ကနေ အမြဲတမ်း ထုတ်လွှင့်နေကြတဲ့ ပုဂ္ဂိုလ်တွေက အပြောကောင်း၊ အဟောကောင်းဆိုတော့ ကျုပ်တို့တစ်တွေ နားထောင်လို့ ကောင်းသဗျ။

ပုဂ္ဂိုလ်တို့ရေ၊ မြန်မာ့စကားပုံဆိုရိုးရှိတယ်ဗျ။ တောင်ကြိုတောင်ကြား ပေါက်တဲ့ဝါးက အဖျားသွယ်သတဲ့၊ အိမ်ကြိုအိမ်ကြား မွေးတဲ့သားက စကားကြွယ်သတဲ့၊ ဒါကြောင့်များ စကားကြွယ်နေတာလားဗျာ။ စကား စကား ပြောပါများ စကားထဲက ဇာတိပြတဲ့ဗျ၊ ဇာတိတွေ ပြလွန်းတဲ့ခင်ဗျားတို့ ရေဒီယိုအသံတွေကြောင့် သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းနေပြီဗျာ။ ကျုပ်တို့နိုင်ငံမှာ ရေသန့်တင်မဟုတ်ဘူး၊ လေသန့်ပါထုတ်ရမလို ဖြစ်နေပြီ။

ခင်ဗျားတို့ရဲ့လုပ်ငန်းက လေလုပ်ငန်းဆိုတော့ တစ်လတစ်လ ရရှိတဲ့ဒေါ်လာနဲ့ လေထဲတိုက်အိမ်မဆောက်ရသေးရင်တောင် ဂူတော့ တည်ပြီးလောက်ပါပြီ။ အောက်မေးရိုက်ရုံနဲ့ ဒေါ်လာရတယ်ဆိုတဲ့ အကျိုးပေးကလဲ နည်းတာမှမဟုတ်တာ၊ ဒေါ်လာစားရင် အစာ မကြေတတ်ဘူးဗျ၊ လေသမားက ဗိုက်အောင့်တတ်တယ် ပုဂ္ဂိုလ်တို့ရေ၊ အစားအသောက် အနေအထိုင်ဆင်ခြင်ပါ။ ငှက်ပျောသီး ပစ်ကျွေးတိုင်း မျောက်က မကပါနဲ့။ ခင်ဗျားတို့ရဲ့ အင်္ဂါရပ်ကိုတော့ ကျွန်တော်မမြင်ဖူးပါဘူး၊ လေဂရုပ်ကိုတော့ နားထောင်ပြီး ဗေဒင်ဟောရမယ်ဆိုရင်တော့ လေနဲ့လုပ်စား လေသမားဖြစ်လို့ လေမထွက်တဲ့နေ့ အသေခက်မှာ စိုးရိမ်မိသဗျာ။

အခုလို ခင်ဗျားတို့အနေနဲ့ လေဖမ်းဒန်းစီးနေတာ တိုင်းပြည်ကို တကယ်ချစ်လို့လား၊ ဒေါ်လာလေး မဝရေစာ စားနေရလို့လားဆိုတာ ကိုယ့်ကိုယ်ကို နဖူးပေါ်လက်တင်ပြီး မေးကြည့်စမ်းပါ။ ခင်ဗျားတို့ဟာ ဝင်ကစွပ်ကောင်ဖြစ်နေပြီ၊ ဒါပေမယ့် ခင်ဗျားတို့ အခုဝင်နေတာက ခင်ဗျားတို့အိမ်မဟုတ်ဘူးဆိုတာကိုရော သတိထားမိရဲ့လား။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးမဟုတ်တဲ့ နေရာ၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်မိဘမရှိတဲ့နေရာမှာ ဇာတ်သိမ်းကော လှနိုင်ပါ့မလား။ အခုလို ပြောနေတာက ခင်ဗျားတို့ လေသမားတွေကိုသာ ပြောနေတာမဟုတ်ပါဘူး၊ ပြည်ပကနေပြီး အမိမြန်မာနိုင်ငံတော်ကြီးကို ပြည်ပျက်ကိန်းဆိုက်အောင် လုပ်နေကြတဲ့ ခင်ဗျားတို့နဲ့ ပုလင်းတူဘူးဆို့ အားလုံးကို ပြောနေတာပါ။ ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေ၊ ပြည်ပြေးအဖျက်သမားတွေက အမြဲတမ်း ရှေ့တန်းတင်ပြီး ပြောပြောနေကြတဲ့သူက ဘယ်သူတဲ့ဗျာ.... ဟို .... ဒေါ်အောင်ဆန်းစုကြည် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပြောပြောနေကြတာတွေက တကယ်ရော ဒေါ်အောင်ဆန်းစုကြည်ကို လိုလားကြတာလား၊ ဒေါ်အောင်ဆန်းစုကြည်အကြောင်းပြပြီး တိုင်းပြည်ကို ပျက်စီးသွားစေချင်တာလား၊ လက်ရှိအစိုးရကို အကျပ်အတည်းတွေ့အောင်လုပ်ချင်တာလား၊ တကယ်တော့ ခင်ဗျားတို့က ဒေါ်အောင်ဆန်းစုကြည်ကို ရှေ့တန်းတင် စွယ်ယောင်ပြပြီးတော့ ပလ္လင်ပေါ် လုပြီးတက်ကြဖို့ လုပ်နေကြတာပါပဲ။

BBC၊ VOA၊ RFA၊ DVB က လေသမားများနဲ့ အဝေးရောက် အနီးရောက် မင်းသားကြီးများကို ပြောချင်တာက ကျွန်တော်ဟာ တပ်မတော်အစိုးရရဲ့ ဘက်တော်သားလဲ မဟုတ်ပါ၊ ရာထူးဌာနန္တရတွေ ခံစား စံစားနေရသူလဲ မဟုတ်ပါ၊ တိုင်းပြည်ကိုချစ်တဲ့ ပြည်သူထဲက ပြည်သူတစ်ယောက်သာ ဖြစ်ပါတယ်။ မိသားစုစားဝတ်နေရေးအတွက် အတော်ပဲ ရုန်းကန်နေရသူပါ။ အစိုးရအကြိုက် လိုက်လုပ်ပြီး ဖားနေတာမဟုတ်ပါ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် ရှေ့တစ်ခေါ်မျှော်ကြည့် နောက်တစ်လံ ပြန်ကြည့်နေတဲ့သူပါ။ ကျွန်တော်တို့ အမိမြန်မာနိုင်ငံတော်ကြီးဟာ အင်းဝခေတ် ပုဂံမင်းလက်ထက်က စပြီး ၁၉၄၂ ခုနှစ်လောက်အထိ ရေရှည်တည်ငြိမ်အေးဆေးခဲ့တယ်ဆိုတာ မရှိခဲ့ပါ။ ရေရှည်ငြိမ်းချမ်းရေးဆိုလို့ ၁၉၄၂ ခုနှစ်နောက်ပိုင်း ယခုလိုကာလမျိုးကျမှသာ လက်ညှိုးထိုးပြစရာရှိလာတာ ဖြစ်ပါတယ်။

ပုဂံမင်းလက်ထက်ပြီးတော့ မြင်းကွန်း–မြင်းခုံတိုင်အရေး၊ မြင်းကွန်း–မြင်းခုံတိုင်အရေးပြီးပြန်တော့ သီပေါမင်းလက်ထက် အာဏာလုပွဲတွေ၊ မင်းညီမင်းသားအချင်းချင်း သူ့ဂိုဏ်း ကိုယ့်ဂိုဏ်းခွဲပြီး သတ်လိုက် ဖြတ်လိုက်ကြတာ။ အဲဒီအမှိုက်ပုံကြီးက မီးလောင်ပြီးပြန်တော့ သူ့ကျွန်ဘဝမှာ နှစ်ပေါင်း ၁၀၀ ကျော် ကျရောက်ခဲ့ရပြန်တယ်။ တိုင်းပြည်လွတ်လပ်ရေး ကြိုးပမ်းပြန်တော့လဲ နယ်ချဲ့က အိမ်ကြက်ချင်း အိုးမဲသုတ် တိုက်လိုက်တာ လွတ်လပ်ရေးဖခင်နဲ့အဖွဲ့ အသတ်ခံခဲ့ရပြန်တယ်။ ကိုယ်လုပ်တဲ့လွတ်လပ်ရေး ဘယ်တော့ရလို့ ဘာရယ်ဆိုတာ တောင်မှ သိမသွားကြရရှာပါဘူး။

လွတ်လပ်ရေးရပြီးပြန်တော့လဲ ရွှေရည်စိမ် လွတ်လပ်ရေးဆိုပြီး ကွဲကြ ပြဲကြ တောခိုကြနဲ့ ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်ခဲ့ရပြန်တယ်။ နိုင်ငံရေးအစိုးရက ၁၀ နှစ် ၁၀မိုးလဲ အုပ်ချုပ်ပြီးရော ပြည်နယ်၊ ပြည်မ တွဲရေး ခွဲရေးပြဿနာ ပေါ်ပေါက်လာလို့ (၁၉၅၈)ခုနှစ်မှာ အိမ်စောင့်အစိုးရတက်လိုက်ရပြန်ပါရောလား။

၁၉၆၀ပြည့်နှစ်မှာ ကလိမ်ချူပေါ် ကောက်ရိုးပွေ့တင်ပြီး တည်မြဲသန့်ရှင်းဆိုပြီး ကွဲလိုက် ပြဲလိုက်ကြတာ မြေအိုး ဆင်နင်းသလို တစ်တိုင်းတစ်ပြည်လုံး အိုးခြမ်းကွဲ ဖြစ်သွားတော့တာပါပဲ။

ပြည်သူကတော့ ကျွဲနှစ်ကောင်ခတ်တဲ့ကြားက မြေစာပင်ပါပဲ၊ မြေစာပင်က အသက်ပြင်းလို့ တော်သေးတာပေါ့၊ မြေစာပင်မဟုတ်ဘဲ ရေညှိပင်သာဖြစ်ခဲ့ရင် မြန်မာလူမျိုးဆိုလို့ ကျန်တောင်ကျန်မှာမဟုတ်ဘူး။ ပြည်သူကတော့ မိအေးနှစ်ခါနာရုံတင်မကတော့ဘူး၊ အခါတစ်ရာ နာပြီးကုန်ကြပြီ။ “ဟိုဟာကို စက္ကူပတ်ပြီး ငါ့ကိုလာကျွေးတာ၊ ဘာရမလဲ ငါလိုကောင်က တစ်ဝက်ကုန်တာနဲ့ တန်းသိတာပဲ”ဆိုတဲ့ လူမျိုးမလုပ်ချင်ပါနဲ့ဗျာ၊ မစားခင်ကတည်းက သိဖို့ကောင်းနေပါပြီ။ အနောက်တိုင်းက နှာခေါင်းရှည်ကြီးက ကျွန်တော်တို့ မြန်မာပြည်သားတွေကို ချစ်ပါတယ်လို့ ပြောတာကို ခင်ဗျားတို့ ယုံသလားဗျာ၊ ယုံတယ်ဆိုရင်တော့ အဲဒီလူဟာ နဖားကြိုးအတပ်ခံရပြီပဲဗျ။ တစ်ထောင်မမြတ်ဘဲနဲ့ တစ်ကျပ်မရင်းဘူးဆိုတာ သဘောပေါက်စေချင်ပါတယ်။ တိုင်းပြည်ချစ်စိတ်၊ အမျိုးချစ်စိတ် တကယ်ရှိတယ်ဆိုရင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းရင်းသားအရေးကိုပဲ ကိုယ်ကြည့်ကြပါ၊ ကိုယ့်ရဲ့အားဟာ ကိုယ့်ပြည်တွင်းမှာသာရှိတာပါ။ ကိုယ့်တိုင်းပြည်ကောင်းစားဖို့၊ ကိုယ့်တိုင်းပြည်တိုးတက်ဖို့၊ အားလုံးအမြင်မှန်ရပြီး ဝိုင်းဝန်းဆောင်ရွက်ကြဖို့ အချိန်တန်ပြီလို့လဲ ပြောပါရစေ။

တစ်ချိန်က မြန်မာပြည်မှာ လက်နက်ကိုင်အဖွဲ့အစည်း အများအပြား ရှိခဲ့ပါတယ်။ ကမ္ဘာမှာ အများဆုံးလို့ထင်ပါတယ်။ အဲဒီအခြေအနေကနေ နိုင်ငံတော်အစိုးရနဲ့ လက်နက်ကိုင်အဖွဲ့တွေက တိုင်းပြည်နဲ့ လူမျိုးအကျိုးဆိုတဲ့ စေတနာမှန်၊ အမြင်မှန်နဲ့ ညီညွတ်ရေးကို ညှိနှိုင်း တည်ဆောက်ခဲ့ကြတာ ကနေ့ဆိုရင် တောတွင်း လက်နက်ကိုင်အဖွဲ့ သုံးဖွဲ့လောက်ပဲ ကျန်ပါတော့တယ်။ အဲဒီ

ခင်ဗျားတို့ခေါင်းထဲမှာ ဦးနှောက်ပါတယ်ဆိုရင်တော့ အခု ရေတွင်းတူး၊ အခု ရေကြည်သောက်လို့ မရဘူးဆိုတာကိုတော့ ဆင်ခြင်တွေးဆနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ရေအားလျှပ်စစ်တစ်ခု တည်ဆောက်ရင် အနည်းဆုံး (၄)၊ (၅)နှစ်တော့ကြာတယ်ဗျ။ e. book တွေ၊ e.newspaper တွေ၊ Digital newspaper တွေ ဖြစ်လာတဲ့ အချိန်ကျရင်တော့ ခင်ဗျားတို့ပြောသလို သတင်းစာက ဓာတ်မလိုက်နိုင်ဘူးလားလို့ မေးပါရစေ၊ အဲဒီအချိန်ကျရင် ခင်ဗျားတို့လက်မှာ ရေစိုမနေပါစေနဲ့၊ ကောင်းတဲ့ဘက်က ရှုမြင်တတ်စေချင်ပါတယ်။

ဘတိုး(တောင်ကြားကုလားတက်...)

သုံးဖွဲ့ကလဲ ပြည်ပလောင်းရိပ်မိပြီး ပဲ့ထွက်ကျန်ခဲ့တဲ့ တစ်ခြမ်းပဲ့အဖွဲ့တွေသာ ဖြစ်ပါတယ်။ တကယ်ဆိုရင် အဲဒီလို ငြိမ်းချမ်းရေး တည်ဆောက်ခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီး၊ အဖွဲ့ငယ်တွေနဲ့ မြန်မာ့တပ်မတော်အစိုးရကို ငြိမ်းချမ်းရေးနိုဘယ်လ်ဆု မပေးသင့်ပေဘူးလား။ အခုတော့ ငြိမ်းချမ်းရေးဆိုလို့ ဘာတစ်ခုမျှ မလုပ်ခဲ့တဲ့၊ ထိပ်တိုက်ရင်ဆိုင်ရေး ဆိုတာကိုသာ ကိုင်စွဲ အကောင်အထည်ဖော်ခဲ့တဲ့ ဒေါ်စုကြည်ကို ငြိမ်းချမ်းရေးနိုဘယ်လ်ဆုပေးခဲ့တယ်။

ဘာနဲ့အလားသဏ္ဍာန်တူသလဲ ဆိုတော့ သူခိုးတစ်ဖြစ်လဲ ဆာဒူးကြီးနဲ့ တူနေတယ်ဗျာ။ ဟိုအိမ်ခိုး၊ ဒီအိမ်ခိုးနဲ့ ခိုးစားလာလိုက်တာ တစ်ညမှာတော့ သူခိုးကြီးကို ရွာသားတွေက ဝိုင်းပြီးလိုက်ကြတယ်။ သူခိုးကြီးလဲ လွတ်ရာလွတ်ကြောင်း ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးရတော့တာပေါ့။ ပြေးရင်းပြေးရင်းနဲ့ တောတန်း တစ်နေရာလဲရောက်ရော သူခိုးကြီးဟာ အကြံတစ်ခုရပြီး သစ်ငုတ်တို တစ်တိုပေါ်မှာ တက်ပြီးထိုင်လိုက်တယ်။ အဲဒီမှာ ကပျာကယာနဲ့ သူ့ခါးမှာပါလာတဲ့ ကွမ်းအစ်ထဲက ထုံးတွေကို သူ့ရဲ့နူတ်ခမ်းမွေးနဲ့ ပါးမြိုင်းမွေးတွေမှာ ဖြူဖွေးနေအောင်သုတ်လိမ်းပြီး သူတော်ကောင်းကြီးအသွင် ဟန်ဆောင်နေလိုက်တယ်။ သူတို့ ဘာသာစကားနဲ့ ပြောရရင်တော့ ဆာဒူးကြီးပေါ့ဗျာ။ မကြာမီမှာပဲ သူခိုးလိုက်ဖမ်းတဲ့ ရွာသားတွေလဲ နောက်ကမီလာတော့တယ်၊ သူခိုးကိုတွေ့ပါလျက်နဲ့ သူခိုးလို့မထင်တော့ဘဲ ရွာသားတွေဟာ ဣန္ဒြေအဆောင်ကောင်းတဲ့ သူခိုးကြီးကို ဆာဒူးကြီးအဖြစ်နဲ့ ကိုးကွယ်လိုက်ကြသတဲ့။ အခုလဲ သစ်ငုတ်တိုပေါ်တက်ပြီးထိုင်နေတဲ့ ဆာဒူးကြီးပါပဲ။ ချော်လဲရောထိုင်ပေါ့ဗျာ။ တပ်မတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ကြိုးပမ်းတည်ဆောက်ကြလို ယနေ့အခါမှာ နိုင်ငံတော်ဟာ တည်ငြိမ်အေးချမ်းနေပါပြီ၊ ခေတ်အဆက်ဆက် ကျီးလန့်စာစားနေခဲ့ရတဲ့ ဘဝနဲ့စာရင် ယနေ့မြန်မာပြည်ဟာ ရေခဲနှင်းဆောင်းဘဝပါ။

အခုလို တည်ငြိမ်အေးချမ်းတဲ့ဘဝရောက်နေတာကို ခင်ဗျားတို့၊ ကျွန်တော်တို့ တစ်မျိုးသားလုံးက ဂုဏ်ယူထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ တစ်မျိုးသားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပြည်သစ်တည်၍ ကျီသစ်ဆောက်ကြရမှာဖြစ်ပါတယ်။ ယခုအခါမှာ ကန်၊ ချောင်း၊ ဆည်မြောင်း၊ လမ်းတံတား၊ စေတီပုထိုးအစရှိသည့် ဆေးရုံ၊ စာသင်ကျောင်းတွေ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ မြို့သစ်ရွာသစ်တွေ၊ သဘာဝဓာတ်ငွေ့တွင်းတွေ အချိန်တိုကာလအတွင်းမှာ တည်ဆောက် တူးဖော် အောင်မြင်နေတာဟာဖြင့် ဘယ်အစိုးရလက်ထက်နဲ့မှ မတူဘူးဆိုတာက ခင်ဗျားတို့ငြင်းနိုင်မှာ မဟုတ်ပါဘူး။

ကျွန်တော်တို့ကတော့ ဒီနေ့တပ်မတော်အစိုးရဟာ ၅၅ သန်းသော ပြည်သူတွေရဲ့ ဘဝဖွံ့ဖြိုးတိုးတက်အောင် သူတတ်နိုင်သလောက် အစွမ်းကုန် ကြိုးစားနေတယ်လို့ယုံတယ်။ ကျွန်တော်တို့ မျက်စိထဲမှာတော့ ၁၉နှစ်သား ကျွန်တော်တို့နိုင်ငံဟာ လှလို့ပလို့၊ ကျော့လို့၊ မော့လို့၊ အနာဂတ်မျှော်လင့်ချက်တွေနဲ့ ပြည့်နေတာကို မြင်တယ်။

ခင်ဗျားတို့ကတော့.... ဘာတဲ့....

လျှပ်စစ်မီးအခြေအနေကတော့ မီတာဘောက်ထဲ လက်နဲ့နှိုက်ကြည့်ရင်တောင် ဘာမှဖြစ်မှာမဟုတ်ဘူးတဲ့၊ သတင်းစာကိုင်ကြည့်ရင်တော့ သတင်းစာက ဓာတ်လိုက်သတဲ့။

အတော်လေး ကလိလိုက်တဲ့ စကားပါပဲ၊ ဒါပေမယ့်ဗျာ....

ခင်ဗျားတို့ခေါင်းထဲမှာ ဦးနှောက်ပါတယ်ဆိုရင်တော့ အခုရေတွင်းတူး၊ အခု ရေကြည်သောက်လို့ မရဘူးဆိုတာကိုတော့ ဆင်ခြင်တွေးဆနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ရေအားလျှပ်စစ်တစ်ခုတည်ဆောက်ရင် အနည်းဆုံး (၄)၊ (၅)နှစ်တော့ ကြာတယ်ဗျ။ e. book တွေ၊ e. newspaper တွေ၊ Digital newspaper တွေဖြစ်လာတဲ့အချိန်ကျရင်တော့ ခင်ဗျားတို့ပြောသလို သတင်းစာက ဓာတ်မလိုက်နိုင်ဘူးလားလို့ မေးပါရစေ၊ အဲဒီအချိန်ကျရင် ခင်ဗျားတို့လက်မှာ ရေစိုမနေပါစေနဲ့၊ ကောင်းတဲ့ဘက်က ရှုမြင်တတ်စေချင်ပါတယ်။

အဖျက်အမှောင့်လုပ်ရပ်တွေ မရှိခဲ့ဘဲ၊ အပိတ်အဆို့တွေ မရှိခဲ့ဘဲ အားလုံးက ပူးပေါင်းဆောင်ရွက်ခဲ့ကြမယ်ဆိုရင်၊အကူအညီ အထောက်အပံ့တွေ ပေးခဲ့ကြမယ်ဆိုရင် လက်ရှိထက် နှစ်ဆ တိုးတက်အောင်မြင်နိုင်တယ်လို့ ယုံကြည်ပါတယ်။ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ်တောင် စတင် လျှောက်လှမ်းနေလောက်ပြီလို့လဲ ယုံကြည်ပါတယ်။ ဒါကြောင့် အမှန်ကိုအမှန်၊ အရှိကိုအရှိအတိုင်း သိဖို့ လုပ်ဖို့ ကြိုးစားစေချင်ပါတယ်။ ဒါတွေကို ပစ်ပယ်ပြီး လက်ရှိအစိုးရ မကောင်းဘူးဆိုတာကိုပဲ မျက်စိမှိတ်ပြီး အော်နေတာကတော့ သဘာဝ မကျတဲ့အပြင် အောက်တန်းလဲကျလွှန်းပါတယ်။

သူများ ဝေဖန်တာတော့ဟုတ်ပါပြီ၊ ခင်ဗျားတို့ကိုယ်တိုင်ကရော ဒီလို ရေအားလျှပ်စစ်စီမံကိန်းကြီးတစ်ခုကို သုံး၊ လေးလနှင့်ပြီးအောင် တည်ဆောက်နိုင်ပါ့မလားလို့ မေးရင် ဘယ်လိုဖြေမလဲ။

ရဲရွာ၊ ထမံသီ၊ ရွှေလီ၊ ရွှေစာရေး၊ သံလွင်၊ ပေါင်းလောင်းတွေပြီးရင် နေရာအနှံ့ လျှပ်စစ်မီးလင်းနိုင်မှာပါ။ ဒီနေ့ မြန်မာနိုင်ငံတစ်ဝန်းလုံး နယ်စပ်ဒေသပါမကျန် ကြည့်လိုက်စမ်းပါ။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးစတဲ့ ပြည်သူလူထုအတွက် လိုအပ်ချက် ဘက်ပေါင်းစုံကို တိုးတက်အောင် လုပ်ဆောင်ထားတဲ့ နိုင်ငံတော်အစိုးရနဲ့ ပြည်သူပူးပေါင်းဆောင်ရွက်မှု အမှန်တရားတွေလေ။ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအတွက် မရှိမဖြစ် လိုအပ်တဲ့ အခြေခံတွေကို တည်ဆောက်ပေးနေတာလေ။ ခင်ဗျားတို့က လက်ရှိအစိုးရဟာ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရမဟုတ်ဘူးလို့ လေလှိုင်းက အော် အော်ပြီး ပြည်သူကိုအမြဲသွေးထိုးနေတယ်။ လက်ရှိအစိုးရဟာ ရွေးကောက်တင်မြှောက်ခံထားရတဲ့ အစိုးရမဟုတ်ဘူးဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ရွေးကောက်တင်မြှောက်ခံထားတာ မဟုတ်တဲ့ အဲဒီ တပ်မတော်အစိုးရကပဲ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတွေကို ဘယ်ခေတ်တုန်းကနဲ့မှ မတူအောင် ရယူလုပ်ဆောင်ပေးတာမဟုတ်လား။ ဘယ်ခေတ်တုန်းကမှ မရခဲ့ဖူးတဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုတွေကို ရအောင်ဆောင်ရွက်ပေးနေတာ မဟုတ်လား။ အဲဒီ ဖွံ့ဖြိုးတိုးတက်မှုတွေရဲ့ အသီးအပွင့်တွေကို ပြည်သူတွေရရှိခံစားနေကြရပြီမဟုတ်လား။ ဒါတွေကျတော့ ခင်ဗျားတို့က ဘာလို့ အသိအမှတ်ပြု ပြောဆိုထုတ်လွှင့်ခြင်း မပြုကြတာလဲ၊ ဒေါ်လာ မျက်နှာကြောင့် မပြောရဲ၊ မထုတ်လွှင့်ရဲကြဘူး မဟုတ်လား။

ပုဂ္ဂိုလ်များ ခင်ဗျား။ နိုင်ငံတော်အစိုးရက အဲဒီ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေကို ခင်ဗျားတို့ရဲ့ အဖျက်အမှောင့်၊ အနှောင့်အယှက်၊ အဟန့်အတား အမျိုးမျိုးတွေကြားထဲက ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ကြရတာ ဖြစ်ပါတယ်။

တကယ်လို့သာ အဲဒီ **အဖျက်အမှောင့်လုပ်ရပ်တွေ မရှိခဲ့ဘဲ၊ အပိတ်အဆို့တွေမရှိခဲ့ဘဲ အားလုံးက ပူးပေါင်းဆောင်ရွက်ခဲ့ကြမယ်ဆိုရင်၊ အကူအညီအထောက်အပံ့တွေ ပေးခဲ့ကြမယ်ဆိုရင် လက်ရှိထက် နှစ်ဆ တိုးတက်အောင်မြင်နိုင်တယ်လို့ ယုံကြည်ပါတယ်။ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ်တောင် စတင်လျှောက်လှမ်းနေလောက်ပြီလို့လဲ ယုံကြည်ပါတယ်။ ဒါကြောင့် အမှန်ကိုအမှန်၊ အရှိကိုအရှိအတိုင်း သိဖို့၊ လုပ်ဖို့ ကြိုးစားစေချင်ပါတယ်။ ဒါတွေကို ပစ်ပယ်ပြီး လက်ရှိအစိုးရ မကောင်းဘူးဆိုတာကိုပဲ မျက်စိမှိတ်ပြီး အော်နေတာကတော့ သဘာဝမကျတဲ့အပြင် အောက်တန်းလဲကျလွှန်းပါတယ်။** ကျွန်တော်တစ်ခုပြောမယ်၊ လောကမှာ ဘာအရေးကြီးဆုံးလဲဆိုရင်–

(၁) မိကောင်း၊ ဖကောင်းနဲ့ ဆုံတွေ့နိုင်ဖို့

(၂) ဆရာကောင်း သမားကောင်းရဲ့ အရိပ်ကို ခိုလှုံနိုင်ဖို့

(၃) မိမိရဲ့ အသက်မွေးဝမ်းကျောင်းမှု လွဲချော်မသွားစေဖို့

(၄) အယူဝါဒ လွဲမှားမသွားစေဖို့

(၅) အများအကျိုး ဆောင်ရွက်နိုင်ဖို့

(၆) မိမိကိုယ်မိမိ ဆုံးမတတ်ဖို့ဆိုတာ အရေးကြီးဆုံးပဲလို့ထင်ပါတယ်။ ခင်ဗျားတို့၊ကျွန်တော်တို့ အနေနဲ့ အဲဒီအချက်အလက်တွေနဲ့ ဘယ်နှချက် ကိုက်ညီသလဲဆိုတာ အဖြေရှာပြီး ကိုယ့်ကိုယ်ကို ပြုပြင်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။

တစ်ဆက်တည်းပဲ တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီးရဲ့ မြန်မာပြည်နဲ့ ပတ်သက်လို့ တရားပွဲများ ထည့်ဟောလေ့ရှိတဲ့ ဟောကြားချက်ကို ပြောပြလိုပါသေးတယ်။ ဆရာတော်ဘုရားကြီးက–

“မြန်မာပြည်ကြီး ဘာဖြစ်လာမယ်၊ ညာဖြစ်လာမယ်နဲ့ တချို့လူတွေက ဘုန်းကြီးနား လာလာပြီး ပြောလိုက်ကြတာ၊ မြန်မာပြည်ကြီး ဘာမှမဖြစ်ဘူးမှတ်။ မြန်မာပြည်က သူတော်ကောင်းတွေပေါတဲ့ တိုင်းပြည်ဖြစ်တယ်”လို့ ဟောကြားလေ့ရှိပါတယ်။ ဒါဟာ ဆရာတော်ဘုရားကြီးက အပရိဟာနိယ တရားခုနစ်ပါးဆိုတဲ့သူတော်ကောင်းတရားနဲ့အညီ ကျင့်သုံးလုပ်ကိုင်နေမှုကို ရည်ညွှန်း ဟောကြားတာပါ။ အဲဒါတွေကတော့–

(၁) အစဉ်အမြဲ တွေ့ဆုံစည်းဝေးသမျှ ကာလပတ်လုံး မပျက်စီးနိုင်

(၂) တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆုံးဖြတ်နေသမျှ ကာလပတ်လုံး မပျက်စီးနိုင်

(၃) ပညတ်ချက်များကိုလိုက်နာပြီး မပညတ်သည်ကို မပညတ်သည့်အတိုင်း ဆောင်ရွက်သမျှ မပျက်စီးနိုင်

(၄) အသက်အရွယ် ဂုဏ်အင်္ဂါကြီးသူတို့ကို လေးစားပြီး ဆုံးမမှုကို လိုက်နာနေသမျှ မပျက်စီးနိုင်

(၅) နတ်ကွန်းနတ်နန်း၊ စေတီပုထိုးတို့ကို အစဉ်အလာအတိုင်း ပူဇော်ပသလေသမျှ မပျက်စီးနိုင်

(၆) အမျိုးသမီး ကြီးငယ်တို့အား အနိုင်အထက်မပြုသမျှ မပျက်စီးနိုင်

(၇) ရဟန္တာတို့ မရောက်သေးက ရောက်ရှိစေရန်နှင့် ရောက်နေသည့် ရဟန္တာတို့ကို လှူဒါန်းဆည်းကပ်လေသမျှ မပျက်စီးနိုင် ဆိုတာပါပဲ။

ဒီတရားများနဲ့အညီ အဆင့်ဆင့်က ကျင့်သုံးဆောင်ရွက်နေကြတာမို့၊ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဆက်လက် ဖွံ့ဖြိုးတိုးတက်ဖို့ပဲ ရှိပါတယ်။

ဒါကြောင့် ခင်ဗျားတို့အနေနဲ့လဲ ကိုလိုနီနယ်ချဲ့လက်သစ်တွေ အလိုကျ အော်ဟစ်ပေးနေရတာတွေကို ရပ်သင့်ပါပြီ၊ ရပ်သေးရပ် အစိုးရပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်နေတာတွေကို ရပ်သင့်ပါပြီ၊ နိုင်ငံကို ခေတ်သစ်ကိုလိုနီကျွန်ဖြစ်အောင် လုပ်နေတာတွေကို ရပ်သင့်ပါပြီ၊ အခြေခံကောင်းတွေ၊ အလားအလာကောင်းတွေနဲ့ ခိုင်မာနေပြီဖြစ်တဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ ပါဝင်ပူးပေါင်းဆောင်ရွက်သင့်ပါပြီ၊ ပြည်သူတွေ လိုလားတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးမှာ ပါဝင်ပူးပေါင်း ဆောင်ရွက်သင့်ပါပြီလို့ ပြောပါရစေတော့။ ။

ကွမ်ဂျီတံတား

တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုံပြည်နယ်တွင် အေဒီ ၁၁၇၁ ခုနှစ် ကတည်းက တည်ဆောက်ထားသော အရှည် ၅၁၈ မီတာရှိ ကွမ်ဂျီတံတားကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီဂျစ်၌ကျင်းပသော ပတ်ဝန်းကျင်ဆိုင်ရာ ရုပ်ရှင်ပွဲတော် တရုတ် ရုပ်ရှင်ဇာတ်ကား အကောင်းဆုံးဆု ဆွတ်ခူး

ကိုင်ရို ဇွန် ၁၅

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ကျင်းပသော နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် တရုတ်ရုပ်ရှင်ဇာတ်ကား တစ်ကားသည် အကောင်းဆုံးရွှေတံဆိပ် ဆွတ်ခူးရရှိကြောင်း အီဂျစ်သတင်းစာတစ်စောင်က ဇွန် ၁၂ရက်၌ ရေးသားဖော်ပြသည်။

ဇာတ်ကားကောင်း

အဆိုပါရုပ်ရှင်ကား၏ အမည်မှာ ညီအစ်ကိုသစ်ပင်ဟု အမည်ပေးထားကြောင်း၊ ယင်းဇာတ်ကား၏ကျောရိုးမှာ တရုတ်နိုင်ငံမြောက်ပိုင်းရှိ ဆယ်ကျော်သက်ညီအစ်ကိုနှစ်ဦး၏ သစ်ပင်တစ်ပင်ကို အကောင်းဆုံး ပြုစုစောင့်ရှောက်ခဲ့ပုံများကို ရိုက်ကူးတင်ဆက်ထားကြောင်း၊ ယင်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဇာတ်ကားကောင်း တစ်ကားဖြစ်ကြောင်း သိရသည်။

ပူးပေါင်းကျင်းပ

ယင်းနိုင်ငံတကာဆိုင်ရာ ရုပ်ရှင်ပွဲတော်ကို အီဂျစ်ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်တိုးတက်ရေး လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်သည်။

လာရောက်ယှဉ်ပြိုင်

၎င်းရုပ်ရှင်ပွဲတော်ကို ဇွန် ၅ရက်မှ ၁၀ ရက်အတွင်း ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းရုပ်ရှင်ပွဲတော်တွင် နိုင်ငံနှင့်ဒေသ ၁၆ ခုမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရုပ်ရှင်ကား ၆၀ ခန့် လာရောက်ယှဉ်ပြိုင်ပြသခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့မြောက်ဘက် ကာမီဆုမြို့ရှိ ရေနံချက်စက်ရုံကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယတွင် ဗုံးပေါက်ကွဲမှု နှစ်ဦးသေဆုံး၊ ၃၀ ဒဏ်ရာရရှိ

ဂူဝါဟက်တီ (အိန္ဒိယ) ဇွန် ၁၅

အိန္ဒိယနိုင်ငံ အာသံပြည်နယ် ကျေးရွာတစ်ရွာရှိလူစည်ကားရာဈေးတွင် ဇွန် ၁၃ ရက်က အားပြင်းဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရကြောင်း ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ပြောကြား

အခင်းဖြစ်ပွားချိန်တွင် အပတ်စဉ်ရိက္ခာဝယ်ရန်ရောက်နေသော အနီးပတ်ဝန်းကျင်ရှိ ရွာသားများဖြင့် စည်ကားနေချိန်ဖြစ်ကြောင်း၊ ဗုံးသည် စက်ဘီးတွင် ထောင်ထားခြင်း ဖြစ်ကြောင်း ရဲအရာရှိတစ်ဦးကပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန် တိုက်လေယာဉ်နှစ်စင်း ဝေဟင်၌တိုက်မိပြီး ပျက်ကျ

ဝါရှင်တန် ဇွန် ၁၅

အမေရိကန် အက်ဖ်-၁၅ စီ ဂျက်တိုက်လေယာဉ်တစ်စင်းသည် အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်တွင် ဇွန် ၁၁ရက်က လေ့ကျင့်ပျံသန်းမှုပြုလုပ်နေစဉ် အခြားအမေရိကန်စစ်လေယာဉ်တစ်စင်းနှင့် ဝေဟင်၌ တိုက်မိပြီး ပျက်ကျခဲ့ကြောင်း အမေရိကန်လေတပ်အရာရှိများကပြောကြားသည်။

ဆေးရုံတင်ပို့

ထိုသို့ ဂျက်လေယာဉ်နှစ်စင်း ဝေဟင်တွင် တိုက်ခဲ့ရာ၌ အက်ဖ်-၁၅စီ လေယာဉ်မှ လေယာဉ်မှူးမှာ မြေပြင်သို့ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့သော်လည်း ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံတင်ပို့ခဲ့ရသည်။ အခြားဂျက်လေယာဉ် အက်ဖ်-၁၆စီမှ လေယာဉ်မှူးမှာ မြေပြင်သို့ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့သည်။

တိုက်မိ

၎င်းဂျက်တိုက်လေယာဉ်နှစ်စင်းမှာ လေ့ကျင့်ပျံသန်းမှုများ ပြုလုပ်နေစဉ် ဇွန် ၁၁ ရက် နံနက် ၁၁ နာရီ ၂၃ မိနစ်က ဝေဟင်၌ တိုက်မိခဲ့ကြခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ တိုယိုတာကားများ ရောင်းအားမြင့်တက်

ဂျကာတာ ဇွန် ၁၅

ယခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ မော်တော်ကားထုတ်လုပ် ရောင်းချမှုတွင် ဂျပန်မော်တော်ကား ကုမ္ပဏီတစ်ခုဖြစ်သော တိုယိုတာမော်တော်ကား ကုမ္ပဏီမှာ ဦးဆောင်လျက်ရှိကြောင်း ဇွန် ၁၃ ရက်က သတင်းထုတ်ပြန်သည်။

ရောင်းချနိုင်

ယခုနှစ် ပထမငါးလအတွင်း တိုယိုတာကား ကုမ္ပဏီအနေဖြင့် ကားစီးရေ ၅၅၇၇၅စီး ရောင်းချနိုင်ခဲ့ရာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၄ ဒသမ ၉ ရာခိုင်နှုန်း ရောင်းအားမြင့်တက်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိက အလယ်ပိုင်းတွင် အင်အားပြင်း ငလျင်လှုပ်

ဂွာတီမာလာစီးတီး ဇွန် ၁၅

အမေရိကအလယ်ပိုင်း ဂွာတီမာလာနိုင်ငံနှင့် အယ်ဆာဗေးဒိုးနိုင်ငံတို့၌ ဇွန် ၁၃ ရက်က အင်အားပြင်းငလျင်တစ်ခုလှုပ်ခဲ့သဖြင့် အဆောက်အအုံများ လှုပ်ခါသွားကြောင်း၊ သို့သော် ပျက်စီးဆုံးရှုံးမှုသတင်း မရရှိကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

ဗဟိုပြု

အဆိုပါငလျင်သည် ဂွာတီမာလာနိုင်ငံတောင်ပိုင်း အက်စ်ကျူတယ်လ်မြို့မှ ၄၆မိုင်အကွာ ပစိဖိတ်သမုဒ္ဒရာအတွင်း ဗဟိုပြုလှုပ်ခတ်သွားခဲ့ပြီး အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိကြောင်း အမေရိကန် မြေငလျင်တိုင်းတာရေးအဖွဲ့မှ သတင်းထုတ်ပြန်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အိန္ဒိယ၌ စက်မှုထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်

နယူးဒေလီ ဇွန် ၁၅

အိန္ဒိယနိုင်ငံ၏ စက်မှုထုတ်လုပ်မှုကဏ္ဍသည် တဖြည်းဖြည်းအရှိန်မြှင့်ဆောင်ရွက်နိုင်လျက်ရှိပြီး ယခုနှစ်ဧပြီလအတွင်း စက်မှုထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်မှုမှာ ယမန်နှစ်အလားတူ ကာလကထက် ၁၃ ဒသမ ၆ ရာခိုင်နှုန်း တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ကြောင်း ပီတီအိုင်သတင်းဌာနက ဇွန် ၁၂ ရက်က သတင်းထုတ်ပြန်သည်။

တိုးတက်

ဆယ်စုနှစ်အတွင်း၌ စက်မှုလုပ်ငန်းဆိုင်ရာ တိုးတက်မှုမှာ အမြင့်မားဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌ ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်နိုင်ငံအတွင်း သီးခြားစီဖြစ်ပွားသော တိုက်ပွဲများတွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဇွန် ၁၃ ရက်၌ သတင်းထုတ်ပြန်သည်။

သေဆုံး

ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် ဇွန် ၁၁ရက်က တိုက်ပွဲဖြစ်ပွားစဉ် လမ်းဘေးဗုံးထိမှန်၍ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့ကြောင်း၊ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင်လည်း ဇွန် ၁၂ ရက်က လမ်းဘေးဗုံးထိမှန်၍ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး နှစ်ဦးထက်မနည်း ဒဏ်ရာရရှိသွားခဲ့ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဆာမာရာမြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အသက်(၁၃)နှစ်အောက် အာရှလူငယ်ဘောလုံးပွဲတော်အောင်မြင် မြန်မာလူငယ်ဘောလုံးအသင်း အတွေ့အကြုံကောင်းများရရှိခဲ့

သတင်းဆောင်းပါး – ကိုထွေး

ရန်ကုန် ဇွန် ၁၅

အာရှ ဘောလုံးအဖွဲ့ချုပ် (AFC) သည် အာရှဒေသအတွင်း လူငယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် အသက် (၁၃)နှစ်အောက် အာရှလူငယ်ဘောလုံးပွဲတော် (AFC U-13 Festival of Football Asia Regional) ကို မလေးရှားနိုင်ငံ Kota Kinabalu Sabah မြို့၌ ဇွန် ၅ ရက်မှ ၉ရက်အထိ ကျင်းပခဲ့ရာ အောင်မြင်စွာ ပြီးဆုံးသွားပြီဖြစ်သည်။

တတိယအဆင့်

အဆိုပါပြိုင်ပွဲသို့ အသက် (၁၃)နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်း ပါဝင်ဆင်နွှဲယှဉ်ပြိုင်ခဲ့ရာ ငါးပွဲနိုင်၊ သုံးပွဲသရေ တစ်ပွဲရှုံးပြီး အင်ဒိုနီးရှားလူငယ်အသင်းနှင့် အမှတ်တူရရှိကာ တတိယအဆင့်၌ ရပ်တည်နိုင်ခဲ့သည်။ ပြိုင်ပွဲ၌ ၁၂ သင်းပါဝင်ယှဉ်ပြိုင်သော်လည်း တစ်သင်းလျှင် ကိုးပွဲစီသာ ယှဉ်ပြိုင်ကစား ကြရသည်။ အရှေ့တီမောလူငယ်အသင်းက ပထမအဆင့်၊ ထိုင်းလူငယ်အသင်းက ဒုတိယအဆင့်ရရှိကြသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဒေသတွင်း ဘောလုံးပွဲတော်များကို ပြိုင်ပွဲအသွင်မျိုးမဟုတ်ဘဲ ဘောလုံးပွဲတော် အသွင်မျိုးသာ ကျင်းပခြင်းဖြစ်၍ ဆုကြေးငွေများ ချီးမြှင့်ခြင်းမရှိဘဲ ပြိုင်ပွဲဝင်အသင်းတိုင်းကို ဂုဏ်ပြုလက်မှတ် (Certificate of Participation)ကိုသာ ပေးအပ်ခဲ့သည်။

ဂုဏ်ပြုလက်မှတ်

အသက်(၁၃)နှစ်အောက် အာရှလူငယ်ဘောလုံးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက်ပိုင်းတွင် Likas Stadium ၌ ကျင်းပရာ အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မိုဟာမက်ဘင်ဟာမန်း တက်ရောက်ပြီး ဖွင့်လှစ်ပေးခဲ့သည်။ ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုလက်မှတ်(Certificate of Participation) ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို ဇွန် ၈ ရက် ညပိုင်းတွင် ကျင်းပရာ ဆာဘားပြည်နယ် လူငယ်နှင့်အားကစားဝန်ကြီး Datuk Liew Yun Fah တက်ရောက်ပြီး ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

အသက် (၁၃)နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်းသည် ဗီယက်နမ်လူငယ်အသင်းကို သုံးဂိုး–ဂိုးမရှိ၊ ဖိလစ်ပိုင်လူငယ်အသင်းကို ခြောက်ဂိုး–ဂိုးမရှိ၊ လာအိုလူငယ်အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ မလေးရှားလူငယ်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ဩစတြေးလျလူငယ်အသင်းကို ခုနစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မကစားခဲ့ရ

အင်ဒိုနီးရှားလူငယ်အသင်း၊ ထိုင်းလူငယ်အသင်း၊ ကမ္ဘောဒီးယားလူငယ်အသင်းတို့နှင့် ဂိုးမရှိသရေကျကာ အရှေ့တီမောလူငယ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ပြိုင်ပွဲဝင် လူငယ်အသင်းများအနက် အရှေ့တီမောလူငယ်အသင်းက အတောင့်တင်းဆုံးဖြစ်ပြီး ဩစတြေးလျ လူငယ်အသင်းက အားအနည်းဆုံးဖြစ်ကြောင်း သိရသည်။ ပွဲစဉ်အရ မြန်မာလူငယ် အသင်းသည် ဘရူနိုင်းလူငယ်၊ စင်ကာပူလူငယ်အသင်းတို့နှင့် မကစားခဲ့ရချေ။

ကျွမ်းကျင်မှုစစ်ဆေး

အသက်(၁၃)နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်း အဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းက "ဖွင့်ပွဲနေ့ မနက်ပိုင်းမှာ ပွဲစဉ်ငါးပွဲ ကျင်းပပေမယ့် တစ်ပွဲကို ပွဲချိန်မိနစ် ၂၀ ပဲ ကစားကြရတယ်။ ဒါပေမယ့် လူစားလဲခွင့်တော့မပြုဘူး။ ဇွန် ၅ ရက်နဲ့ ၆ ရက် ညနေပိုင်းပွဲတွေမှာတော့ ပွဲချိန် မိနစ် ၃၀ ကစားရတယ်။ ဇွန်၇ရက်မှာ အသင်းတိုင်းကို ဘောလုံးကျွမ်းကျင်မှုစစ်ဆေးတယ်၊ ဂိုးသွင်းယူမှု၊ အဝေးပေး၊ အနီးပေး၊ ဘောလုံးတော့ကစားခြင်းနဲ့ ဘောလုံးအဆွဲအယူ၊ အလိမ်အခေါက်တို့ကို စစ်ဆေးတာပါ၊ ဇွန်၈ရက်မှာတော့ ပွဲချိန်တစ်နာရီတိတိ ယှဉ်ပြိုင်ကစားရတယ်၊ ပထမပိုင်းမိနစ်၃၀၊ ဒုတိယပိုင်း မိနစ်၃၀ ခွဲပြီး ကစားရတယ်၊ ပထမပိုင်းကစားတဲ့၁၁ယောက်ကို ဒုတိယပိုင်းမှာ ထည့်မသုံးရဘဲ ကျန်တဲ့၁၁ယောက်ကို လူစားလဲပြီး ထည့်ကစားရတယ်၊ ဒါပေမယ့် ဂိုးရလဒ်ကိုတော့ ပထမပိုင်းနဲ့ ဒုတိယပိုင်းပေါင်းပြီး အတည်ပြုပေးတယ်"ဟု ပြိုင်ပွဲအတွေ့အကြုံကို ပြောပြသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာရှဘောလုံးအဖွဲ့ချုပ်ကကျင်းပသည့် လူငယ်ဘောလုံးပွဲတော်သို့ ၂၀၀၄ခုနှစ်မှစတင်၍ ပါဝင်ဆင်နွှဲယှဉ်ပြိုင်ခဲ့ရာ ယခုပြိုင်ပွဲနှင့်ဆိုလျှင် လေးကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ရွေးချယ်ဖွဲ့စည်း

အသက်(၁၃)နှစ်အောက် အာရှလူငယ်ဘောလုံးပွဲတော်၌ ပါဝင်ဆင်နွှဲယှဉ်ပြိုင်မည့် အသက်(၁၃)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းကို ဧပြီ၂၂ရက်မှစတင်၍ ပဏာမလက်ရွေးစင်၃၀ဖြင့် ရွေးချယ်ဖွဲ့စည်းပြီး စခန်းသွင်းလေ့ကျင့်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားစေခဲ့သည်။

အသက်မှန်ကန်မှုရှိရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကျွမ်းကျင်သူဆရာဝန်ကြီးများ၏ ပံ့ပိုးကူညီမှုကိုရယူပြီး ဓာတ်မှန်ရိုက်စစ်ဆေးခြင်းများပြုလုပ်ခဲ့သည်။ အသက်ယဉ်ရွယ်ပြီး အလားအလာရှိသော လူငယ်ဘောလုံးသမား၂၂ဦးကို မေ၃၀ရက်တွင် အပြီးသတ်ဆန်ခါတင်ရွေးချယ်ပြီး သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ဂိုးပြတ်အနိုင်ရခဲ့

ဩစတြေးလျလူငယ်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့မှုနှင့် ပတ်သက်၍ အဖွဲ့ခေါင်းဆောင်ဦးကျော်ဆန်းက "ဩစတြေးလျလူငယ်အသင်းက ခန္ဓာကိုယ်ဖွဲ့စည်းမှုအရ မငယ်ကြပေမယ့် ဘောလုံးကစားတတ်မှုအပိုင်းမှာတော့ အလွန်အားနည်းပါတယ်။ ကျွန်တော်တို့အသင်းက ကစားသမားလေးတွေ သက်သောင့်သက်သာနဲ့ စိတ်ကြိုက်ကစားပြီး ခုနစ်ဂိုးသွင်းယူခဲ့တာပါ။ ကျန်တဲ့ လူငယ်အသင်းတွေကလဲ ဩစတြေးလျလူငယ်အသင်းကို ဂိုးပြတ် အနိုင်ရခဲ့ကြတာဖြစ်ပါတယ်။ ဩစတြေးလျလူငယ်အသင်းကို အင်ဒိုနီးရှား လူငယ်အသင်းက ရှစ်ဂိုး၊ ကမ္ဘောဒီးယား လူငယ်အသင်းက ခုနစ်ဂိုး သွင်းယူခဲ့ကြပါတယ်"ဟု ပြောကြားသည်။

အတောင့်တင်းဆုံး

အရှေ့တီမောလူငယ်အသင်းကို ရှုံးနိမ့်ခဲ့မှုနှင့် ပတ်သက်၍လည်း အဖွဲ့ခေါင်းဆောင် ဦးကျော်ဆန်းက **"အရှေ့တီမောလူငယ်အသင်းက ပြိုင်ပွဲဝင်အသင်းတွေထဲမှာ ခန္ဓာကိုယ်အရွယ်အစား အကြီးဆုံးနဲ့ အတောင့်တင်းဆုံးဖြစ်ပါတယ်။ အရှေ့တီမောလူငယ်အသင်းက ရှစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျတာကို ကြည့်ရင် သူတို့အနေအထားကို ခန့်မှန်းနိုင်ပါတယ်။ အရှေ့တီမောအသင်းကံကောင်းတာက ပွဲစဉ်အရ တောင့်တင်းတဲ့ ကမ္ဘောဒီးယားလူငယ်အသင်းနဲ့ ထိုင်းလူငယ်အသင်းတို့ကို မကစားခဲ့ရတာပါပဲ။ ပြိုင်ပွဲဝင် ၁၂ သင်းဖြစ်ပေမယ့် တစ်သင်းကို ကိုးပွဲစီပဲကစားရတာကတော့ မူလက အာဆီယံ ၁၀ နိုင်ငံပဲ ယှဉ်ပြိုင်ဖို့ စီစဉ်ထားတာကြောင့် တစ်သင်းကို ကိုးပွဲပဲ ကစားဖို့ ပွဲစဉ်ရေးဆွဲခဲ့တာပါ။ နောက်မှ ဩစတြေးလျနဲ့ အရှေ့တီမောတို့ ပါလာလို့ ၁၂ သင်းဖြစ်သွားပေမယ့် ပွဲစဉ်ကိုတော့ ကိုးပွဲစီပဲကစားဖို့ အသင်းအုပ်ချုပ်သူများ အစည်းအဝေးမှာ ညှိနှိုင်းဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"**ဟု ရှင်းလင်းပြောကြားခဲ့သည်။

အာရှလူငယ် ဘောလုံးပွဲတော်၌ ပါဝင်ဆင်နွှဲယှဉ်ပြိုင်ခဲ့သည့် အသက်(၁၃)နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးကျော်ဆန်း(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန)၊ အုပ်ချုပ်သူအဖြစ် ဦးညီညီလတ်(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန)၊ နည်းပြအဖြစ် ဦးချစ်နိုင် (အား/ကာသိပ္ပံ၊ မန္တလေး)၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်ကျော် (အား/ကာသိပ္ပံ၊ မန္တလေး)၊ အသင်း ဆရာဝန်အဖြစ် ဒေါက်တာတင့်လွင် (အား/ကာဦးစီးဌာန)တို့ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

ပါဝင်ကြ

အားကစားသမားများအဖြစ် **(ဂိုး)** သိန်းထွန်းဝင်း၊ ရဲမြင့်နောင်၊ **(နောက်တန်း)**ရာဇာမျိုး၊ အောင်ကိုကိုပိုင်၊ မျိုးဝေလင်း၊ ထွန်းမင်းစိုး၊ စောဝင်းထူး၊ ထက်ဝေဖြိုး၊ အောင်သူရ၊ အောင်ပိုင်စိုး၊ **(အလယ်တန်း)** ကောင်းဆက်ဦး၊ ရဲကိုကိုနိုင်၊ ဟိန်းသီဟဇော်၊ ငြိမ်းချမ်းထွန်း၊ နိုင်မျိုးအောင်၊ ဘိုဘိုနိုင်၊ ဇေယျာဖြိုးကျော်၊ ရဲရင့်ထွန်း၊ **(ရှေ့တန်း)** စွမ်းထက်အောင်၊ စိုင်းဝမ်းလျှိုး၊ မောင်မောင်ဝင်း၊ တင်ဌေးအောင်တို့ပါဝင်ကြသည်။

အားကစားသမား ၂၂ ဦးအနက် (အား/ကာသိပ္ပံ၊ ရန်ကုန်)မှ ခြောက်ဦး၊ (အား/ကာသိပ္ပံ၊ မန္တလေး)နှင့် ရန်ကုန်တိုင်းတို့မှ ငါးဦးစီ၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့မှ နှစ်ဦးစီ၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့မှ တစ်ဦးစီပါဝင်ကြသည်။

အတွေ့အကြုံကောင်း

မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မျိုးဆက်သစ်လူငယ်ဘောလုံးသမားများ ပြုစုပျိုးထောင်ရေးသည်လည်း အဓိကကျသော အချက်တစ်ခုပင် ဖြစ်သည်။ ယခုကဲ့သို့ အာရှလူငယ် ဘောလုံးပွဲတော်သို့ မြန်မာလူငယ်ဘောလုံးအသင်း ဝင်ရောက်ဆင်နွှဲယှဉ်ပြိုင်ခြင်းအားဖြင့် အတွေ့အကြုံကောင်းများ ရရှိပြီး မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် အားထားရသော ဘောလုံးသမားကောင်းများ ပေါ်ထွက်လာနိုင်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရင်းနှီးခင်မင်စွာ နှုတ်ဆက်

အသက် (၁၃)နှစ်အောက် အာရှလူငယ် ဘောလုံးပွဲတော်၌ မြန်မာလူငယ်အသင်းနှင့် အရှေ့တီမောလူငယ်အသင်းတို့၏ ပွဲစဉ်အပြီးတွင် နှစ်ဖက်အသင်းမှ အားကစားသမားများ ဤသို့ ရင်းနှီးခင်မင်စွာ နှုတ်ဆက်ခဲ့ကြသည်။

ပန်းတနော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဦးက ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီး ၅၂ ဦးအား ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၀၃၀၀၀ နှင့် ဝန်ထမ်း ၇၇ ဦးတို့၏ တူညီဝတ်စုံဖိုးငွေကျပ် ၈၂၈၀၀၀ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်း၍ ရေဝင်ရောက်နစ်မြုပ်ခဲ့

နေပြည်တော် ဇွန် ၁၅

မန္တလေးခရိုင်အတွင်း ဇွန် ၁၃ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ ရေဝင်ရောက်နစ် မြုပ်ခဲ့ကြောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၌ ရပ်ကွက်အချို့အတွင်း ရေဝင်ရောက် နစ်မြုပ်သဖြင့် ရေဘေးသင့်ပြည်သူများအား ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ရပ်ကွက်ဓမ္မာရုံနှင့် ကျန်းမာရေးဌာနများတွင် နေရာချထားပေးပြီး လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမရပူရမြို့နယ်ရှိ ကျေးရွာအချို့၌ နွေစပါး စိုက်ခင်းများအတွင်း ရေဝင်ရောက်ခဲ့သဖြင့် မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၆–၂၀၀၇ (စနေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ ဘယ်လိုပြင်လို့နေပါ့မယ် တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်)
- ၈း၀၅ တိမ်လိပ်ခြွေကျ မိုးယံနား၊ဝေဟင်ပြတင်း ဖွင့်လှစ်ထား
- ၈း၂၅ တေးဂီတအစီအစဉ်
- ၈း၃၅ တစ်ပတ်အတွင်း အားကစားသတင်း
- ၈း၅၀ တေးဂီတအစီအစဉ်
- ၉း၀၀ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း
- ၉း၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၅၅ စင်မြင့်ပေါ်မှ ဒီပလိုမာနက္ခတ်ဗေဒင်ပညာ
- ၁၀း၁၅ တေးဂီတအစီအစဉ်
- ၁၀း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၂၅ ကလေးတို့အတွက် လက်ဆောင် (တံဆိပ်တုံးကလေး)
- ၁၀း၄၀ တေးဂီတအစီအစဉ်
- ၁၀း၅၀ ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါ အန္တရာယ်(ပါမောက္ခဦးမြသော်)
- ၁၁း၀၀ ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ (အနုပညာရှင်များ)
- ၁၁း၁၀ မိုးလေဝသခန့်မှန်းချက်
- ၁၁း၁၅ စက်မှု(၁)၏ စွမ်းပကား ကျန်းမာရေးအတွက်အလေးထား (အင်ရောင်းဆေးဝါးစက်ရုံ)
- ၁၁း၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၄၅ Celebrity Style (ဝိုင်းစုခိုင်သိန်းနှင့် တွေ့ဆုံခြင်း)
- ၁၂း၂၀ တေးဂီတအစီအစဉ်
- ၁၂း၂၅ ပျော်ရွှင်စရာမျက်လှည့်ကမ္ဘာ (အပိုင်း–၁)
- ၁၂း၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၄၀ တေးဂီတအစီအစဉ်
- ၁၂း၄၅ ပြည်ပဝင်ငွေတိုးစေဖို့ သားငါးကဏ္ဍ မြှင့်တင်စို့
- ၁၂း၅၅ တေးဂီတအစီအစဉ်
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမ္ဘာတစ်လွှား အားကစား

နယူးကာဆယ်သို့ ပြောင်းရွှေ့ကစားမည့် ဂျိုးဘာတန်

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဇွန် ၁၅

ပရီမီယာလိဂ်အသင်းကြီးများ ရာသီကုန်အပြောင်းအရွှေ့ ဈေးကွက်၌ ဘောလုံးသမား ဖြည့်ဆည်းရေး လှုပ်ရှားနေကြသလို ပရီမီယာလိဂ် အခြားအသင်းများကလည်း ဘောလုံးသမားဝယ်ယူရေးများ ပြုလုပ်လာလျက်ရှိနေရာ အပြိုင်အဆိုင်ဖြစ်လျက်ရှိသည်။

ထိုသို့ ဘောလုံးသမား အပြောင်းအရွှေ့၌ နယူးကာဆယ်အသင်းအနေဖြင့် မန်ချက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ဂျိုးဘာတန်အား ပြောင်းရွှေ့ကြေး ပေါင် ၅၁သမ ၅သန်းဖြင့် ခေါ်ယူနိုင်ခဲ့သည်။

အရခေါ်

မန်စီးတီး ကွင်းလယ်ကစားသမား ဘာတန်ကို ပရီမီယာလိဂ်အသင်းများသာမက စပိန်နှင့် အီတလီကလပ်များကပါ စိတ်ဝင်စားနေလျက်ရှိရာ ကွင်းလယ်အားနည်းမှုအတွက် နယူးကာဆယ်နည်းပြ ဆမ်အလာဒိုက်က ဘာတန်ကို အရခေါ်ယူခဲ့ခြင်းဖြစ်သည်။

စာချုပ်တော့မည်

အင်္ဂလန်အသင်း လက်ရွေးစင်ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဘာတန်သည် နယူးကာဆယ်သို့ ငါးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှုများ ရရှိခဲ့ပြီဖြစ်ရာ ယခုရက်ပိုင်းအတွင်း စာချုပ်ချုပ်ဆိုနိုင်တော့မည်ဖြစ်သည်။

စွမ်းရည်ပြနိုင်

၁၉၈၂ ခုနှစ် စက်တင်ဘာ ၂ရက်တွင် မွေးဖွားခဲ့သော ဘာတန်သည် ယခုအခါ အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်ရာ ဘောလုံးသမားတစ်ဦးအတွက် အကောင်းဆုံးစွမ်းရည် ပြနိုင်သည့် အသက်အရွယ်ပင်ဖြစ်သည်။

ဖြန့်ဝေနိုင်

ဘာတန်သည် ကွင်းလယ်၌ အင်အားပြည့် ကစားတတ်သူတစ်ဦးဖြစ်ပြီး လျင်လျင်မြန်မြန်ဖြင့် ဘောလုံးဖြန့်ဝေပေးနိုင်သည့် ကွင်းလယ်ကစားသမားတစ်ဦးလည်း ဖြစ်သည်။ ဘာတန်ရောက်ရှိလာသည့်အတွက် နယူးကာဆယ်သည် လာမည့်ဘောလုံးရာသီ၌ ကစားမှုရလဒ်ကောင်းများကို ဖော်ဆောင်နိုင်မည်ဟု နယူးကာဆယ်နည်းပြ ဆမ်အလာဒိုက်က ပြောကြားနေသည်။

ရောက်ရှိ

ဘာတန်သည် မန်စီးတီးအသင်းသို့ ၂၀၀၃ခုနှစ်က စတင်ရောက်ရှိလာခြင်းဖြစ်ပြီး မန်စီးတီးအတွက် ပွဲပေါင်း ၁၅၀ခန့် ကစားပေးခဲ့သူတစ်ဦးလည်းဖြစ်သည်။ မန်စီးတီးအသင်းအတွက် ၂၀၀၃ခုနှစ်တွင် ခုနစ်ပွဲကစားပေးခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သလို ၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင် စုစုပေါင်း ၃၁ ပွဲ ကစားပေးခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

အကွက်စေ့

ဘာတန်သည် တိုက်စစ်အားသန်သော ကွင်းလယ်ကစားသမားတစ်ဦး မဟုတ်သော်လည်း နောက်တန်းခံစစ်နှင့် ရှေ့တန်းတိုက်စစ်တို့ကိုပါ အကွက်စေ့အောင် ကစားပေးနိုင်သော ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည်။

ကစားခွင့်ရ

ထို့ကြောင့် မန်စီးတီးအသင်းတွင် ပွဲတိုင်းနီးပါး ပါဝင်ကစားခွင့်ရသော ပထမဦးစားပေး ကစားသမား တစ်ဦးဖြစ်သည်။ ဘာတန်သည် ၂၀၀၄-၂၀၀၅

ဂျိုးဘာတန်

နယူးကာဆယ်သို့ရောက်လာမည့် ဂျိုးဘာတန်။ (ဓာတ်ပုံ-အင်တာနက်)

ဘောလုံးရာသီတွင် မန်စီးတီးအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး တိုက်စစ်မှူးများ ဂိုးသွင်းနိုင်အောင် အကောင်းဆုံးဘောလုံး ဖြန့်ဝေပေးနိုင်သူ တစ်ဦးလည်းဖြစ်သည်။

သွင်းယူ

ဘာတန်အနေဖြင့် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် မန်စီးတီးအတွက် စုစုပေါင်း ၃၆ ပွဲ ကစားပေးခဲ့ရာ၌ ပရီမီယာလိဂ်ပွဲစဉ်တွင် ၃၁ ပွဲ ကစား၊ ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့သလို ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင်လည်း မန်စီးတီးအတွက် စုစုပေါင်း ခုနစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

သဘောကျ

ထို့ကြောင့် အသက်အရွယ်၊ ဘောလုံးကစားမှု စွမ်းရည်များကို သဘောကျသောကြောင့် စပိန်ကလပ် ဗလင်စီယာနှင့် အီတလီကလပ် ဂျူဗင်းတပ်စ်တို့က ခေါ်ယူရန် ကြိုးစားနေသည့် ကစားသမားတစ်ဦးဖြစ်သည်။ ထို့အပြင် ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် ကြိုးစားခဲ့သော်လည်း ဘာတန်က နယူးကာဆယ်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ပြောကြား

မိမိသည် နယူးကာဆယ်အသင်းနှင့် ပရိသတ်များအတွက် အောင်မြင်မှုများရရှိအောင် ကြိုးစားပေးသွားမည်ဖြစ်ကြောင်း၊ မိမိသည် ပြောသည့်စကားနှင့်ညီအောင် ကြိုးစားကစားသွားမည်ကို တွေ့မြင်ကြရမည် ဖြစ်ကြောင်း နယူးကာဆယ်ပရိသတ်များသို့ ဘာတန်က ပြောကြားခဲ့သည်။

မြင်တွေ့ရမည်

ဘာတန်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက အင်္ဂလန်နှင့်စပိန်တို့ ချစ်ကြည်ရေးဘောလုံးပွဲကို မန်ယူအသင်းပိုင် အိုးထရက်ဖို့ဒ်ကွင်း၌ ကစားသည့်ပွဲတွင် ပါဝင်ကစားခဲ့သည်။ ဘာတန်သည် ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကစားနိုင်သော ဘောလုံးသမားတစ်ဦးဖြစ်ပြီး လာမည့်ဘောလုံးရာသီ၌ နယူးကာဆယ်အသင်းတွင် ဘာတန်၏ ခြေစွမ်းပြကစားမှုများကို မြင်တွေ့ရတော့မည်ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

ပရီမီယာလိဂ်ပွဲစဉ် ဩဂုတ် ၁၁ရက် စကစားမည် ချန်ပီယံမန်ယူနှင့် ရက်ဒင်းအဖွင့်ပွဲ၌ တွေ့ကြမည်

လန်ဒန် ဇွန် ၁၅

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်(၁)ကို ဩဂုတ် ၁၁ရက်၌ စတင်ကျင်းပသွားမည်ဖြစ်ရာ မန်ချက်စတာယူနိုက်တက်အသင်းသည် အဖွင့်ပွဲစဉ်ကို အိမ်ကွင်း၌ စတိဗ်ကော်ပဲလ်၏ ရက်ဒင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

၂၀၀၆-၂၀၀၇ ခုနှစ် ပရီမီယာလိဂ် ဖလားနှင့်အတူ မန်ယူတို့ ဤသို့အောင်ပွဲခံခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

နယူးကာဆယ် မန်နေဂျာသစ် ဆမ်အလာဒိုက်သည် ဘော်လ်တန် အသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တန်းတက်အသင်း ဘာမင်ဂမ်က ချယ်လ်ဆီးအိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။

ထိုကာလအတွင်း ချန်ပီယံရှစ်ဖလားပိုင်ရှင် ဆန်းဒါးလန်းက တော့တင်ဟမ်ကို အိမ်ကွင်း၌ စောင့်ကစားရမည် ဖြစ်သည်။

ဩဂုတ် ၁၁ရက်(စနေနေ့)ပွဲစဉ်(၁)

အာဆင်နယ်	-	ဖူလ်ဟမ်
အက်စ်တွန်ဗီလာ	-	လီဗာပူး
ဘော်လ်တန်	-	နယူးကာဆယ်
ချယ်လ်ဆီး	-	ဘာမင်ဂမ်
ဒါဘီ	-	ပို့စ်မောက်
အဲဗာတန်	-	ဝီဂန်
မန်ယူ	-	ရက်ဒင်း
မစ်ဒယ်ဘရော့	-	ဘလက်ဘန်း
ဆန်းဒါးလန်း	-	တော့တင်ဟမ်
ဝက်စ်ဟမ်း	-	မန်စီးတီး

ဩဂုတ် ၁၄ရက်(အင်္ဂါနေ့)ပွဲစဉ်(၂)

ဘာမင်ဂမ်	-	ဆန်းဒါးလန်း
ပို့စ်မောက်	-	မန်ယူ
ရက်ဒင်း	-	ချယ်လ်ဆီး
တော့တင်ဟမ်	-	အဲဗာတန်
ဝီဂန်	-	မစ်ဒယ်ဘရော့

ဩဂုတ် ၁၅ရက်(ဗုဒ္ဓဟူးနေ့)

ဘလက်ဘန်း	-	အက်စ်တွန်ဗီလာ
ဖူလ်ဟမ်	-	ဘော်လ်တန်
လီဗာပူး	-	ဝက်စ်ဟမ်း(ရွှေ့ဆိုင်း)
မန်စီးတီး	-	ဒါဘီ
နယူးကာဆယ်	-	အာဆင်နယ်(ရွှေ့ဆိုင်း)

ဩဂုတ် ၁၈ရက်(စနေနေ့)ပွဲစဉ်(၃)

ဘာမင်ဂမ်	-	ဝက်စ်ဟမ်း
ဘလက်ဘန်း	-	အာဆင်နယ်
ဖူလ်ဟမ်	-	မစ်ဒယ်ဘရော့
လီဗာပူး	-	ချယ်လ်ဆီး
မန်စီးတီး	-	မန်ယူ
နယူးကာဆယ်	-	အက်စ်တွန်ဗီလာ
ပို့စ်မောက်	-	ဘော်လ်တန်
ရက်ဒင်း	-	အဲဗာတန်
တော့တင်ဟမ်	-	ဒါဘီ
ဝီဂန်	-	ဆန်းဒါးလန်း

(အင်တာနက်)

တိုက်စစ်မှူးယာကူဘူ မစ်ဒယ်ဘရော့မှ ထွက်ခွာဖွယ်ရှိ

လန်ဒန် ဇွန် ၁၅

မစ်ဒယ်ဘရော့ တိုက်စစ်မှူး ယာကူဘူက ရစ်ဗားဆိုက်မှ ထွက်ခွာဖွယ်ရှိကြောင်း အရိပ်အမြွက် ပြောကြားလိုက်သည်။

ခေါ်ယူ

အသက် ၂၄နှစ်ရှိ နိုင်ဂျီးရီးယားတိုက်စစ်မှူး ယာကူဘူအား လွန်ခဲ့သောနှစ်နှစ်က ပို့စ်မောက်အသင်းမှ မစ်ဒယ်ဘရော့အသင်းက ပေါင်၇ဒသမ၅သန်းဖြင့် ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် ပို့စ်မောက်အသင်းနည်းပြ ဟာရီရက်နက်က ၎င်းတိုက်စစ်မှူးအား ပြန်ခေါ်ဖွယ်ရှိသည်။

အကယ်၍ ပို့စ်မောက်အသင်းက ပြန်လည်ခေါ်ယူခဲ့လျှင် ယာကူဘူအနေဖြင့် မစ်ဒယ်ဘရော့အသင်းကို စွန့်ခွာသွားနိုင်သည်။ **(အင်တာနက်)**

ယာကူဘူ

မစ်ဒယ်ဘရော့ တိုက်စစ်မှူး ယာကူဘူ။
(ဓာတ်ပုံ-အင်တာနက်)

ဒေးဗစ်ဘက်ခမ်း(ဝဲ)**နှင့် အင်္ဂလန်နည်းပြ မက္ကလာရင်**(ယာ)။
(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်အသင်း၌ ဘက်ခမ်း ဆက်လက်ကစားရေး နည်းပြမက္ကလာရင် အာမခံချက်ပေးပြောကြား

လန်ဒန် ဇွန် ၁၅

အင်္ဂလန်အသင်းနည်းပြ မက္ကလာရင်က မိမိ၏နိုင်ငံတကာပွဲကစားခြင်းနှင့် ပတ်သက်၍ အာမခံချက်ပေးလိုက်ပြီဖြစ်ကြောင်း ဒေးဗစ်ဘက်ခမ်းက ပြောသည်။

အသက် ၃၂နှစ်ရှိ ဘက်ခမ်းသည် နွေရာသီတွင် ရီးရဲမက်ဒရစ်အသင်းမှ အယ်လ်အေဂလက်ဆီအသင်းသို့ ပြောင်းရွှေ့ကစားတော့မည်ဖြစ်သည်။ သို့ရာတွင် နည်းပြမက္ကလာရင်က အင်္ဂလန်အသင်း၌ ဘက်ခမ်းအား ဆက်လက်ကစားခွင့်ပြုမည် ဖြစ်ကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။

သံသယမရှိ

နည်းပြ မက္ကလာရင် အနေဖြင့် မိမိအား အင်္ဂလန်အသင်းတွင် ဆက်လက် ကစားခွင့်ပြုရေးမှာ သံသယမရှိကြောင်း အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း ဘက်ခမ်းက ဆိုသည်။

(အင်တာနက်)

16-6 (12) 1 6/15/07, 3:09 PM

Since 1986 KMD ကွန်ပျူတာအခြေခံသင်တန်း i-Office သင်တန်းအပ် လက်ခံနေပါပြီ။ [Duration 80 Hours]
❖ ကုမ္ပဏီ/ ရုံးလုပ်ငန်းများအတွက် ရုံးစာရိုက်ခြင်း၊ စာရင်းဇယားများ ဖြည့်သွင်းခြင်း နှင့် စာစီစာရိုက်လုပ်ငန်းများအတွက် လက်တွေ့ သင်ကြားမည့် သင်တန်းဖြစ်ပါသည်။
❖ E-mail နှင့် Internet အသုံးပြုနည်းကို Digital Camera၊ Scanner စသောနောက်ဆုံးပေါ် Hardware Device များဖြင့် တွဲဖက်၍ စနစ်တကျ သင်ကြားပေးပါသည်။
❖ Reference စာအုပ်များကိုအခမဲ့ ပို့ပေးပြီး သင်တန်းသားတစ်ဦးကို စက် တစ်လုံးနှုန်းဖြင့်သင်ကြားချိန် နာရီပြည့် စက်သုံးစွဲ နိုင်ရန် စီစဉ်ထားပါသည်။
❖ သင်တန်းကာလ အတွင်း နှင့် သင်တန်းပြီးဆုံးသွားသော အခါ စက်အပိုချိန် အသုံးပြုနိုင်ရန် စီစဉ်ပေးပါသည်။

RE GD.
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - ဝ၇၀၆ YR ၄၈၁၅ / (ဆေးမှုန့်) - ဝ၇၀၆ YR ဝ၁၉၄
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၀၆တဆထလ/တိုး(၉၄)
တဟှုပ်ဟှုပ်နဲ့ အိပ်မရအောင်ဆိုးနေတဲ့ချောင်း ကွမ်းရွက်ပုံ ဆေးကကောင်း
ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ ရွာ များကိုမှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်းမရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးပက်ဝင် စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ဦးကျော်မြင့် ၉/လဝန(နိုင်) ဝ၁၆ဝ၃၈ သိစေရန်။

ကျွန်ုပ်၏အမှုသည်ဖြစ်သော ဒေါ်စိုးမြတ်မြတ် ၉/ပမန(နိုင်)ဝ၁ဝ၃၇၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်မြင့် ၉/လဝန(နိုင်) ဝ၁၆ဝ၃၈ မှ ရိုးမဘဏ်သို့ ပေးဆပ်ရန်ရှိသော ကြွေးမြီများပေးဆပ်ရန်နှင့်ဘဏ်မှစာချုပ်စာတမ်းများ ထုတ်ယူခြင်း၊ စာချုပ်ချုပ်ဆိုခြင်းကိစ္စတို့ကို ဆောင်ရွက်နိုင်ရန် ကျွန်ုပ် (သို့မဟုတ်) ဒေါ်စိုးမြတ်မြတ်ထံသို့လည်းကောင်း၊ ရိုးမဘဏ်သို့လည်းကောင်း ၁၅ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးကြေညာအပ်ပါသည်။ဒေါ်စိုးမြတ်မြတ်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းမာတင့် (တရားရုံးချုပ်ရှေ့နေ)
ဖုန်း- ဝ၉-၈ဝ၂၅၁၉၈။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဗိုလ်ချုပ်လမ်း၊ ၂/၄၂၊ အမှတ်(၂)ရပ်ကွက်၊ ကရင်ပြည်နယ်၊ ဘားအံမြို့နေ ဦးသက်လှ-ဒေါ်မြကြည်၏သား မောင်ဟိန်းဇော်ကိုသည် မိဘနှစ်ပါးအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၅-၆-၂၀၀၇ ရက်မှစ၍ နေအိမ်မှဆင်းသွားပါ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသက်လှ ၁ဝ/သတန(နိုင်) ဝ၉၁၈၃၇
ဒေါ်မြကြည် ၁ဝ/သတန(နိုင်) ဝ၉ဝ၅၄၂။

စာအုပ်စာပေ လူ့မိတ်ဆွေ

မြင့်မြတ်
TV, VCD, DVD များကို သင့်အိမ်
H.P : 09 - 51 - 45614
Tel : 550659

O.B.F Language School
SAYA-TONY
အင်္ဂလိပ်စကားပြန်ဟောင်း
ဘာသာပြန်ဆရာ(SHELL)
IELTS
➡ Spoken English Course
➡ Grammar & Essay Writing Course
➡ All Round Development (4 Skills)
➡ Foreign Going English Course
အမှတ်(၉၁)၊ ပထမထပ်၊ ဗိုလ်ထွန်းဟက်လမ်း(မောင်ထော်လေးလမ်း)၊ အောက်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅ဝ၃၄ဝ

တစ်ချက်တည်းဖြင့်ကျင်းဝင်

နေပြည်တော် ဇွန် ၁၅

ဗိုလ်မှူးရွှေပြည်ဟိန်းသည် ဇွန်၁၄ရက်က ပုသိမ်ဂေါက်ကွင်း ကျင်းအမှတ်(၄)တွင် Titleist-Pro V1 အမျိုးအစားဂေါက်သီးကို Honma အမျိုးအစား Iron(4) တုတ်ဖြင့် ၁၄၄ကိုက်အကွာအဝေးမှ ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များအဖြစ် ကိုနေမျိုးအောင်၊ ကိုကျော်ဌေး၊ကိုထွန်းဦးတို့နှင့်အတူ ကစားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင်တို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

ရန်ကုန်တိုင်း စာရင်းရုံး ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း စာရင်းရုံးရှိ ဝန်ထမ်းသားသမီး ၁၄၂ ဦးအတွက် ၂၀၀၇-၂၀၀၈ ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ရန်ကုန်တိုင်း စာရင်းရုံး ညွှန်ကြားရေးမှူးရုံးခန်းတွင် ဇွန် ၁၅ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ ဝန်ထမ်းသားသမီး ၁၄၂ ဦးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၁၇ ဒသမ ၆၂သိန်း ပေးအပ်သည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူး ဦးသိန်းနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ တက်ရောက်ကြောင်း သိရသည်။

(က-ပ)

ကံမြင့်ကျောင်း ဖြူးဆရာတော်အထူးတရားပွဲ

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ညစဉ် ၇ နာရီမှစ၍ ဓမ္မကထိက ဗဟုဇန ဟိတရေ ဖြူးဆရာတော် အရှင်နရပတိမှ ဇွန် ၁၇၊ ၁၈ရက်များတွင် ဝိပဿနာတရားများ ဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သီလရှင်သင်(အမျိုးသမီး)ပညာရေးကျောင်းသို့ ကျောင်းသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်း၊ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်နှင့် ဒေါက်တာ ဒေါ်ခင်မြဝင်းတို့သည် ယနေ့နံနက်ပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် သာသနာ့ဂုဏ်ရည် သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်းသို့ ရောက်ရှိပြီး ကျောင်းသုံး စာရေးကိရိယာများနှင့် အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေတို့ကို သာသနာ့ဂုဏ်ရည်သီလရှင်သင် (အမျိုးသမီး)ပညာရေးကျောင်းပဓာန နာယကဆရာကြီး ဒေါ်ခေမာစာရီထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည်သန်လျင်မြို့နယ်သဒ္ဓမ္မဇောတိက ရွှေကျင်ကျောင်းတိုက်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်၍ ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေများ လှူဒါန်းသည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ ဒေါ်ခင်မြဝင်းက ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားထား၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လှူဒါန်းသည့် ကျောင်းသုံးစာရေးကိရိယာနှင့် အလှူငွေကျပ်တစ်သိန်းကို ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ အရှင်ကိတ္တိကထံဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ထိုင်းတောင်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်၊ တပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံး

ဗန်ကောက် ဇွန် ၁၅

ထိုင်းနိုင်ငံတောင်ပိုင်း၌ ဇွန် ၁၅ ရက်က လမ်းဘေးဗုံးတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရာ ထိုင်းတပ်ဖွဲ့ဝင် အနည်းဆုံးခုနစ်ဦး သေဆုံးသွားကြောင်း ရဲအဖွဲ့ကပြောကြားသည်။

ပစ်မှတ်ထား

အဆိုပါလမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် ယာလာပြည်နယ်၌ ထိုင်းတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသော ထရပ်ကားတစ်စီးကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

သေဆုံး

ထိုင်းနိုင်ငံတောင်ဘက်ဖျားရှိ ပြည်နယ်သုံးခုတွင် ၂၀၀၄ ခုနှစ်မှစပြီး အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိရာ လူ ၂၂၀၀ ကျော် သေဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

အာဖဂန်၌ နေတိုးယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်

ကဘူးလ် ဇွန် ၁၅

အာဖဂန်နစ္စတန်နိုင်ငံ ဥရုဇ်ဂန်ပြည်နယ်၌ ဇွန် ၁၅ ရက်က နေတိုးတပ်ဖွဲ့စစ်ယာဉ်တန်းကို အသေခံဗုံးခွဲတိုက်ခိုက်ရာ အနည်းဆုံးကလေး ခြောက်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း ရဲအဖွဲ့ကပြောကြားသည်။

ယာဉ်ပျက်စီး

အဆိုပါအသေခံဗုံးခွဲတိုက်ခိုက်မှုမှာ ယင်းပြည်နယ်၏မြို့တော်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အသေခံဗုံးခွဲတိုက်ခိုက်သူသည် ၎င်း၏မော်တော်ယာဉ်ဖြင့် နေတိုးယာဉ်တန်းအတွင်း ထိုးဖောက်ဝင်ရောက်ကာ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး နေတိုးတပ်ဖွဲ့၏ ယာဉ်တစ်စီးပျက်စီးသွားကြောင်းနှင့် တပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ရွှေကျင်နှင့် ကျောက်ကြီးမြို့နယ်တို့အတွင်း သောင်းကျန်းသူထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၅

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရအထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက် ညနေ ၅နာရီခန့်တွင် ရွှေကျင်မြို့နယ်၊ မဘီးလေးကျေးရွာနေ ဦးအောင်တင်၏သား မင်းကျော်ဌေး အသက် ၂၀ သည် အဖော်ဖြစ်သူ မောင်ရီနှင့်အတူ တည်းသီးခူးရန် တောတွင်းသို့သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ မင်းကျော်ဌေး၏ ညာဘက်ခြေထောက်ပြတ်ကာ ဒဏ်ရာရရှိခဲ့၍ တာဝန်ရှိသူများက ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်စဉ် အင်္ဂနီကျေးရွာအရောက်တွင် သေဆုံးသွားခဲ့သည်။

ထိမှန်ဒဏ်ရာ

အလားတူဇွန် ၉ရက်နံနက် ၇နာရီခွဲခန့်က ကျောက်ကြီးမြို့နယ် မြောင်းဦးရွာနေ ဦးမောင်ကို၏သား ဦးလှအောင် အသက် ၅၀သည် ယင်း၏အဖော်ဖြစ်သူ ဦးဒေးဓား၊ ဦးသာလီတာတို့နှင့်အတူ ဟင်းသီးဟင်းရွက်ခူးရန် တောတွင်းသို့ သွားရောက်စဉ် မုံးချောင်းအရောက်၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့်မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ ဦးလှအောင် ၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်မှပြတ်ကာ ညာဘက်ပေါင်မိုင်းစထိမှန်ပြီး ဦးဒေးဓား၏ ညာဘက်မျက်လုံး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့ကြသည့် ဦးလှအောင်နှင့် ဦးဒေးဓားတို့အား သက်ဆိုင်ရာ တာဝန်ရှိသူများက မုံးတိုက်နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်ကြောရှုပ်ထွေးမှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး လမ်းထောင့်များတိုးချဲ့ ရေစီးဆင်းမှုကောင်းမွန်ရေး လမ်းဖြတ်ရေနုတ်မြောင်းကူးတံတား တည်ဆောက်

မန္တလေး ဇွန် ၁၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇွန် ၄ ရက် မွန်းတည့် ၁၂ နာရီက ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ခြံအမှတ်(၁) အတွင်းရှိ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ၇၃လမ်းနှင့် ၃၅လမ်းဆုံတွင် ယာဉ်ကြော ရှုပ်ထွေးမှုနှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် လမ်းထောင့်များတိုးချဲ့ခြင်းလုပ်ငန်းနှင့် ၆၂ လမ်းနှင့် ၃၅ လမ်းဆုံတွင် ရေစီးဆင်းမှု ပိုမိုကောင်းမွန်စေရန်အတွက် ရေနုတ်မြောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ဖြည့်ဆည်းဆောင်ရွက်

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ရေတံခွန်တောင်ဒေသရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ခြံအမှတ် (၁)သို့ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပျိုးခြံများအတွင်း ကြက်ဆူပျိုးပင်များ ပျိုးထောင်ထားမှုနှင့် ရှင်သန်ဖြစ်ထွန်းမှု၊ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းဧက ၁၀၀၊ ပျားလိမ္မော်စိုက်ခင်း၊ ပီလောပီနံစိုက်ခင်း၊ ကြက်သွန်စိုက်ခင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးနှင့် ခြံတာဝန်ခံများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် စိုက်ပျိုးရေးလုပ်ငန်းသုံးစက်များ၊ လယ်ထွန်စက်ကြီးများ၊ နောက်တွဲယာဉ်များ အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ညနေ ၅ နာရီတွင် ချမ်းအေးသာစံမြို့နယ် ၇၃လမ်းနှင့် ၃၅ လမ်းဆုံ၌ ယာဉ်ကြောရှုပ်ထွေးမှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းထောင့်များ တိုးချဲ့ခြင်း လုပ်ငန်းခွင်အတွင်း ဆောင်ရွက်မှုများနှင့် ရေနုတ်မြောင်းများ ရေစီးဆင်းမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၆၂ လမ်းနှင့် ၃၅လမ်းဆုံတွင် ရေနုတ်မြောင်းများ ရေစီးဆင်းမှု ပိုမိုကောင်းမွန်စေရေးအတွက် လမ်းဖြတ် ရေနုတ်မြောင်းကူးတံတားတည်ဆောက်ရန် ဆောင်ရွက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂပူကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပညာသင်ဆုများပေးအပ်ပွဲကျင်းပ

အင်္ဂပူ ဇွန် ၂

အင်္ဂပူမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက်၉နာရီက အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ခန်းမ၌ ကျင်းပရာ အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်းက အမှာစကား ပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးက ပညာသင်ဆုပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင်အင်္ဂပူမြို့နယ်အတွင်းမှ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်များသို့ တက်ရောက်ပညာသင်ကြားသူ ကျောင်းသားကျောင်းသူ ၁၈ဦးတို့အား မြို့နယ်အသင်းအတွင်းရေးမှူး ဦးမြတ်စိုးက ပညာသင်ဆုများ ပေးအပ်သည်။

ပေးအပ်

အင်္ဂပူမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပညာသင်ဆုကို လစဉ်ငွေကျပ် ၁၈၀၀၀ဖြင့် ပညာသင်နှစ်ပြီးဆုံးသည်အထိ ပေးအပ်မည်ဖြစ်ရာ ယခုနှစ်အထိ ပညာသင်ဆုငွေကျပ် ၄၀ ဒသမ ၈သိန်းကို ပေးအပ်ပြီးဖြစ်ကြောင်းသိရသည်။

(၁၃၁)

လင်းခေး ထွေ/အုပ်ဦးစီးဌာန ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေပေး

လင်းခေး ဇွန် ၇

လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါရုံးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးတင်စိုး၊ ဇနီး ဒေါ်နွဲ့နွဲ့ရီတို့က ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေကျပ် ၄၆၀၀၀နှင့် ကျောင်းသုံးဗလာစာအုပ်ကို ကလေးတစ်ဦးလျှင် တစ်ဒါဇင်စီထောက်ပံ့ပေးရာ ဝန်ထမ်းများက လက်ခံယူခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်ပညာ သင်တန်းဖွင့်

ခန္တီး ဇွန် ၁၀

ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၇ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူး ဦးဝင်းဆွေက အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။**(ခရိုင် ပြန်/ဆက်)**

မောက်မယ်၌ စီမံကိန်းသီးနှံများ တာဝန်ပေးအပ် စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးသင်တန်းဖွင့်

မောက်မယ် ဇွန် ၃

မောက်မယ်မြို့နယ် ၂၀၀၇–၂၀၀၈ခုနှစ် စီမံကိန်းသီးနှံများ တာဝန်ပေးအပ်ပွဲနှင့် စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၇–၂၀၀၈ခုနှစ် စီမံကိန်းသီးနှံများ စိုက်ပျိုးရန် တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။**(ဝဲပုံ)**

ထို့နောက် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်စိုးဝင်းက သင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်နှင့် သင်ကြားမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအေးလွင်နှင့် သင်တန်းဆရာများက ရက်သတ္တပတ်ကြာ စာတွေ့လက်တွေ့ပို့ချကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း (အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ခရိုင်ချင်းဆက်လမ်းသို့ ဆက်သွယ်သည့် အရှည် ပေ ၁၂၁၀၀ ရှိ မကွေ–ရွာသစ်–ခမ္မသော်–ပေပင်ကုန်းကျေးလက်လမ်း မြေနီဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇွန် ၃ရက်က အမှုဆောင်အရာရှိ ဦးကြည်စိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အင်းတော်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး ရပ်ကွက်၊ ကျေးရွာအမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းဆင်း

အင်းတော် ဇွန် ၇

အင်းတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပဖွင့်လှစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရပ်ကွက်၊ ကျေးရွာအမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၁၃/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီခွဲက အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် ကသာခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးသန့်တို့က သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

ပေးအပ်

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရသူများကို ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီး အောင်ခိုင်ဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ဆွေက သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများအား ပေးအပ်ခဲ့ကြောင်းသိရသည်။

(၁၁၁)

မိခင် ဒေါ်အေးရင်နှင့်ခင်ပွန်းဦးကြင်ခင်တို့အား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာဈေး မြေညီထပ် စိန်တေဇာ အထည်ဆိုင် ဒေါ်ခင်မြ၊ သမီး မကြင်အေး မိသားစုက ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက ကျောင်းတော်ကြီး ပစ္စည်း လေးပါး ပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဒုတိယဉက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျိုင်းတုံ၌ ကျင်းပ

ကျိုင်းတုံ ဇွန် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၀၇)ဆင်းပွဲကို ဇွန်၆ ရက် နံနက် ၉ နာရီက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ ရှမ်းပြည် နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ နာယက၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ဆုပေးအပ်

အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှက သင်တန်းဆင်းအမှာစကား ပြောကြားပြီး **(အောက်ပုံ)** ဆုရသင်တန်းသူများအား ဆုပေး အပ်ချီးမြှင့်သည်။

လှူဒါန်း

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်ရီက သင်တန်းဆင်း လက်မှတ်များပေးအပ်ကာ စေတနာရှင်များက လှူဒါန်းသော အလှူငွေများကို လက်ခံယူသည်။

အခမ်းအနားအပြီးတွင် သင်တန်းသူများချုပ်လုပ်ထားသောအဝတ်အထည်များကို ကြည့်ရှုအားပေးသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသူ ၂၁ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ မေ၁၄ ရက်မှ ဇွန်၆ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(အမျိုးသမီးရေးရာ)

မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်

မြိတ် ဇွန် ၃

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန တနင်္သာရီတိုင်း တိုင်းရင်းဆေးပညာ ဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သော အိမ်ရှင်မများသို့ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ရက် နံနက် ၈နာရီက မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမတွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး တနင်္သာရီတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်မောင်လေးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကနှင့်အဖွဲ့ဝင်များသည် သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး၍ ဆေးဖက်ဝင်အပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

သင်ကြားပို့ချ

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၃၀ တက်ရောက်ကြပြီး တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးတင်မောင်လေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအဖွဲ့(တနင်္သာရီတိုင်း)ဥက္ကဋ္ဌ မြန်မာသမားတော်ကြီး ဦးသိန်းနိုင်နှင့် တိုင်းရင်းဆေးဆရာများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မအူပင်မြို့ ရေလဲလမ်း ရေဆိုးထုတ်မြောင်းမကြီးကို မြေတူးစက်ဖြင့် နုန်းများဆယ်ယူတူးဖော်လျက်ရှိရာ ဇွန် ၇ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်၊ ခရိုင်ဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်မင်းထွန်းတို့က ရေဆိုးထုတ်မြောင်းများ တူးဖော်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာဖတ်ဝိုင်း ဂန့်ဂေါမြို့နယ်၌ ကျင်းပ

ဂန့်ဂေါ ဇွန် ၁၂

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဂန့်ဂေါမြို့နယ် လက်ပန်ရွာ လူရည်ချွန် စာကြည့်တိုက်၌ ဇွန် ၇ရက်က စာဖတ်ဝိုင်းကျင်းပရာ ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက စာဖတ်ဝိုင်းကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျေးရွာစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညိုဖေက ဒို့ကျေးရွာဂျာနယ်အတွဲ(၄) အမှတ်(၁၀)မှ စာတည်းမှူး၏ လှိုင်းနှင့်လှေ တင်ပြချက်ကို ဖတ်ကြားသည်။

ဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊စာကြည့်တိုက် ကော်မတီဝင်များ၊ ကျေးရွာအလယ်တန်း ကျောင်းခွဲ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများကအလှည့်ကျ ဆွေးနွေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မေ၁၀ရက်က တောင်ပြိုလက်ဝဲမြို့စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော အောင်သစ္စာလမ်းမြေသားလမ်းဖောက်လုပ်မှုကို စစ်ဆေးရာ မြို့တာဝန်ခံ ဦးကောင်းမြတ်ထွန်းနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးခင်မောင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

Glamour Month at Gamone Pwint
World Class Branded Fashion Wears
BIG SHOP ... HOT SALES
Branded fashion wears for Ladies, Gents & Children
နိုင်ငံတကာအဆင့်မီ အမျိုးသား၊ အမျိုးသမီး၊ ကလေးတို့အတွက်ဖက်ရှင်အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများအား အထူးဈေးနှုန်းဖြင့် ရောင်းချမည့်ပွဲတော်သို့ မည်သူမဆို လာရောက် လေ့လာ ဝယ်ယူနိုင်ပါသည်။
အရောင်းမြှင့်တင်ရေးအစီအစဉ်များအဖြစ်....
+++ နေ့စဉ် ရွေးရောင်မိနစ်ရောင်းချမှု အစီအစဉ်များ
+++ စနေ၊တနင်္ဂနွေရက်များ၌ ဖက်ရှင်အဝတ်အစားပစ္စည်း မိတ်ဆက်သရုပ်ပြပွဲများ
Place : Gamone Pwint Department Store (Myaynigone)
Period: 16 June to 15 July 2007
Time : Daily 9.30 AM to 9.00 PM

ဒဏ္ဍာရီ
အထူးဆံပင်ဖြောင့်ဆိုင်
(၂ နှစ်အာမခံပါသည်။)
▲ ဆံပင်ဖြောင့်(30000/-Ks)တန် Discount(15000/- Ks)
▲ စက်ပြန်ဆွဲရန်မလိုပါ။
▲ ဗယောင်းတုန်ဆေး ထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ယ/၇၄၈၃၂ Honda C90 Custom CMV ယာဉ် လက်ဝယ်ရှိသူ ဦးစံနီ မှတ်ပုံတင်အမှတ် ၉/မရမ (နိုင်) ၀၁၄၉၇၈က ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ကျွန်မ၏သား ဇင်မင်းနိုင်သည် ကျွန်မ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် ပြုမူသွားပါ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမျှ တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်သန်းသန်းဆင့်
ကတွင်းခြံကျေးရွာ၊ ပဲခူးမြို့။

သင့်သွေးဖြင့် အသက်ကယ်ပါ

အမည်ပြောင်း
အဖဦးမောင်လုကြီး၏သမီး အထက (မင်းပြား) နဝမတန်း (င)မှ မနွယ်နွယ်ဝင်းအား မနွယ်နွယ်ခိုင်ဟု ပြောင်းလဲ ခေါ်ပါရန်။ မနွယ်နွယ်ခိုင်။

GLORY
☎ 01-373431, 09-5197817
အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ
1. အသုံးချ အီလက်ထရွန်နစ်သင်တန်း
2. တီဗွီ၊ ဗီဒီယို၊ ဗွီစီဒီ စက်ပြင်သင်တန်း
3. ကြိုးဟ်တုစလောင်း ပြုပြင်တပ်ဆင်ခြင်းသင်တန်း
4. အခြေခံလျှပ်စစ် နှင့် ဝိုင်ယာရိန်းသင်တန်း
5. မော်တာ၊ ဒိုင်နမို၊ ထရန်စဖော်မာ လက်တွေ့သင်တန်း
6. အဆင့်မြင့် Electrical Control သင်တန်း
7. အိမ်တွင်းလျှပ်စစ်ပစ္စည်းများ ပြုပြင်ခြင်းသင်တန်း
8. မော်တော်ကားဝိုင်ယာရိန်းသင်တန်း
9.ဒီဇယ်၊ ဓာတ်ဆီအင်ဂျင်ပြုပြင်ခြင်းသင်တန်း
10.လေအေးပေးစက်နှင့်ရေခဲသေတ္တာ ပြုပြင်တပ်ဆင်ခြင်းသင်တန်း
11.ဂဟေဆက် သင်တန်း (Arc, Gas, Pipe, TIG)
12.PLC သင်တန်း (OMRON စက်နှင့် Sensor မျိုးစုံသုံး၍သင်ကြားမည်။)
13.CNC (Computerized Numerical Control) သင်တန်း
14.PIC Microcontroller သင်တန်း

အဆိုပြုလွှာပေးအပ်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးထံ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနကြီးမှူး ဒေါ်မြသိင်္ဂီ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု

ပို့ဆောင်ရေးဝန်ကြီးဌာနမှ အဆိုပြုလွှာပေးအပ် အမျိုးသမီးများ၏ ဥပဒေဆိုင်ရာရပိုင်ခွင့်များ ဟောပြောပို့ချ

ရန်ကုန် ဇွန် ၁၅

၂၀၀၇ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးနှင့် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းကျင်းပသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ခြင်း၊ အလှူငွေပေးအပ်လှူဒါန်းခြင်းနှင့် ဥပဒေရေးရာ ဆွေးနွေးဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းရုံးချုပ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသိင်္ဂီ၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုး၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ အမျိုးသမီးများလူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး၊ ရန်ကုန်တိုင်းဒေသ စည်းရုံးရေးမှူး ဒေါ်ခင်ညွန့်မြိုင်၊ အမျိုးသမီးရေးရာအဖွဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဥပဒေပညာရှင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၏ဇနီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။ စာမျက်နှာ ၄ ကော်လံ ၆ *

စည်းလုံးခြင်းကိုဖော်ဆောင်သည့်မြန်မာ့ရိုးရာစည်းလုံချည် ရွှေတောင်မြို့နယ် ကျီးသဲဒေသမှ တီထွင်ရက်လုပ်

သတင်းမြင်ကွင်း – နုနုရီနှင့် တင်တင်ဝင်း၊ ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၅

မြန်မာ့ရိုးရာစည်းလုံချည်သည် ပဲခူးတိုင်း ရွှေတောင်မြို့နယ် ကျီးသဲကျေးရွာမှ ထွက်ရှိသော ဒေသထွက်ကုန်ဖြစ်သည်။ ကျီးသဲကျေးရွာအမည်မှာ ထူးခြား၍ မူလရွာတည်စက မြန်မာတို့နှင့်အတူ ရှမ်းတိုင်းရင်းသားများပါ ရောနှောနေထိုင်ရာက ရှမ်းစကားမှ ဆင်းသက်လာခြင်းဖြစ်ကြောင်း မှတ်သားရသည်။

တီထွင်ရက်လုပ်

ထိုကဲ့သို့ ရှမ်းတိုင်းရင်းသားများ ကျီးသဲတွင် လာရောက်နေထိုင်ရာက ၎င်းတို့နှင့်အတူ ပိုးချည်ရက်လုပ်ခြင်းလုပ်ငန်းပါ တစ်ပါတည်းပါလာခဲ့ပြီး နောက်ပိုင်း ကျီးသဲကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ခဲ့သည်။ ရက်ကန်းရက်ရာတွင် ချည်စကို သားရေပင်ဖြင့် စည်းပြီး ပုံဖော်၊ ပန်းဖော် ရက်လုပ်ရသော အဆိုပါစည်းလုံချည်မှာ မြန်မာနိုင်ငံတစ်ဝန်း ကျီးသဲဒေသတစ်ခုတည်း၌သာ တီထွင်ရက်လုပ်နိုင်ကြောင်း သိရသည်။ စာမျက်နှာ ၄ ကော်လံ ၁ ●

စည်းလုံချည်ရက်လုပ်ရာတွင် ချည်များကို ဤသို့ တည်းလုံး လိုမ့်ကြရသည်။

ပန်းဖော်ရက်လုပ်

ဤသို့ ပန်းဖော်ရက်လုပ်သော စည်းလုံချည်မှာ နိုင်ငံတစ်ဝန်း ကျီးသဲဒေသ တစ်ခု၌သာ ရှိသည်။

NLD ပါတီ၏ နိုင်ငံရေးလုပ်ဆောင်မှုမှာ ယုံကြည်ချက်လမ်းကြောင်းပေါ်မှ သွေဖည်နေ ပါတီဝင်အချင်းချင်း ပုဂ္ဂိုလ်ရေးတိုက်ခိုက်ပြီး ဂိုဏ်းဂဏများကွဲပြားလျက်ရှိ ဝါးခယ်မ၊ မော်လမြိုင်ကျွန်းနှင့် အိမ်မဲမြို့နယ်တို့မှ ပါတီဝင် ၃၂ ဦး နုတ်ထွက်

ရန်ကုန် ဇွန် ၁၅

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မအေး၊ မစုစု၊ မခိုင်လေး၊ မခင်ညိုသန်း၊ မခင်သန်းဦးတို့အပါအဝင် ပါတီဝင် ၁၀ ဦးသည် ဇွန် ၇ ရက်တွင်လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကိုကိုကြီး၊ ဦးလှသိန်း၊ ဦးဖာဒီသာ၊ ဦးမြစိုး၊ ဦးအောင်သိန်းငွေတို့ အပါအဝင် ပါတီဝင် ၂၁ ဦးနှင့် အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ကျခတ်ကွေ့ကျေးရွာနေ ဦးထွန်းကျော်တို့သည် ဇွန် ၈ ရက်တွင်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဝါးခယ်မမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီ၏ နိုင်ငံရေးလုပ်ဆောင်မှုအနေအထားမှာ ယုံကြည်ချက်လမ်းကြောင်းပေါ်မှ သွေဖည်လျက်ရှိပြီး ကောင်းမြတ်သောရလဒ်များ ထွက်ပေါ်မလာဘဲ ပါတီဝင်အချင်းချင်း ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ စိတ်ဝမ်းကွဲပြားမှုများနှင့်အတူ ပါတီတွင်း ဂိုဏ်းဂဏများ ကွဲပြားလျက်ရှိနေကြောင်း တွေ့မြင်ရသဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)